# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရားမှ မဆုတ်ယုတ်**

တရားလျှင် မွေ့လျော်ရာရှိသော၊ တရား၌ မွေ့လျော်တတ်သော၊ တရားကို အဖန်ဖန်ကြံစည်တတ်သော၊ တရားကို အဖန်ဖန်အောက်မေ့တတ်သော ရဟန်းသည် သူတော်ကောင်းတရားမှ မဆုတ်ယုတ်။

ဘိက္ခုဝဂ် (ဓမ္မပဒ-၃၆၄)


၁၃၈၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက် ၂၀၂၂ ခုနှစ်၊ ဇွန် ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၆၁)၊ အမှတ် (၂၅၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# စိုက်ပျိုးမွေးမြူရေးနှင့် ပတ်သက်သည့် ပညာရှင်များ မွေးထုတ်ပေးနိုင်မည်ဆိုပါက မိမိတို့နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ လုံလောက်စွာရရှိမည်

**နေပြည်တော် ဇွန် ၁၄**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာနသို့ ရောက်ရှိပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဦးလှမိုးနှင့် ဒေါက်တာညွန့်ဖေ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ အမြဲတမ်းအတွင်းဝန်များ၊

*စာမျက်နှာ ၃ ကော်လံ ၁* ●



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တာဝန်ရှိသူများ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ပြခန်းများအား လှည့်လည်ကြည့်ရှုစဉ်။

## ငြိမ်းချမ်းရေးဆွေးနွေးမှုနှင့် ပတ်သက်၍ အသိပေးထုတ်ပြန်ချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**ငြိမ်းချမ်းရေးဆွေးနွေးမှုနှင့် ပတ်သက်၍ အသိပေးထုတ်ပြန်ချက်**
**မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်**
**၂၀၂၂ ခုနှစ် ၊ ဇွန်လ ၁၄ ရက်**

၁။ နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တလျက်ရှိသည့် ထာဝရငြိမ်းချမ်းရေးရရှိရန်ဦးတည်၍ ယခု ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကလည်း ဧပြီလ ၂၂ ရက်နေ့တွင် ငြိမ်းချမ်းရေးမိန့်ခွန်းတစ်ရပ်ပြောကြား၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ဥက္ကဋ္ဌ/ခေါင်းဆောင်ဦးစီး အဖွဲ့ဝင် ၂ ဦးဖြင့် ငြိမ်းချမ်းရေးအတွက် ရိုးသားပွင့်လင်းစွာ ဆွေးနွေးနိုင်ရေး ဖိတ်ခေါ်ကမ်းလှမ်းခဲ့သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ငြိမ်းချမ်းရေးဖိတ်ခေါ်ကမ်းလှမ်းမှုအရ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၇ ဖွဲ့နှင့် လက်မှတ်ရေးထိုးရခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၃ ဖွဲ့တို့က ပြည်ထောင်စုအကျိုး၊ ဒေသအကျိုးကို ဆောင်ရွက်လိုသည့် စိတ်ဆန္ဒများဖြင့် လာရောက်ဆွေးနွေးမည်ဖြစ်ကြောင်း အကြောင်းပြန်ခဲ့ကြသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ❄

မြန်မာ့အလင်း

# ငြိမ်းချမ်းရေးအတွက် ကမ်းသောလက်

တိုင်းပြည်အကျိုး၊ ဒေသအကျိုးအတွက် ငြိမ်းချမ်းရေးဆွေးနွေးမှုများ ပြုလုပ်နိုင်ရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ထပ်မံဖိတ်ခေါ်လိုက်သည်။ ပထမအကြိမ်အဖြစ် ဧပြီလ ၂၂ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ငြိမ်းချမ်းရေးဖိတ်ခေါ်ကမ်းလှမ်းမှုကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ စုစုပေါင်း ၁၀ ဖွဲ့တို့က လာရောက်ဆွေးနွေးမည်ဖြစ်ကြောင်း အကြောင်းပြန်ခဲ့ကြပြီး မေလ ၂၀ ရက်မှစကာ RCSS/SSA၊ NMSP၊ (KNU/KNLA– PC)၊ UWSP၊ NDAA၊ ALP စသည်ဖြင့် တစ်ဖွဲ့ပြီးတစ်ဖွဲ့ ဆွေးနွေးခဲ့ကြရာ အပြုသဘောဆောင်ပြီး ကောင်းမွန်သည့်ရလဒ်များ ရရှိခဲ့သည်။ ကျန်လက်နက်ကိုင်အဖွဲ့ လေးဖွဲ့နှင့်လည်း ဆက်လက်၍ ဆွေးနွေးသွားမှာဖြစ်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် ပေါ်ပေါက်လာခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများနှင့်စပ်လျဉ်း၍ ငြိမ်းချမ်းရေးရရှိရန် အစိုးရအဆက်ဆက်တို့က ကြိုးပမ်းခဲ့ကြသော်လည်း တောမီးသဖွယ် ပျံ့နှံ့နေသည့် လက်နက်ကိုင်ပဋိပက္ခများက တစ်နေရာမဟုတ် တစ်နေရာမှာ ရှိနေခဲ့သည်။ လွတ်လပ်ရေးသက်တမ်း စိန်ရတုအကြိုကာလသို့ ရောက်လာသည့်တိုင်အောင် မီးတို့က မငြိမ်းနိုင်သေး။ သို့ရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်လက်ထက် ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား ငြိမ်းချမ်းရေးဖိတ်ခေါ်ကမ်းလှမ်းမှုမှစတင်ကာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လမ်းကြောင်းပေါ်တွင် တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုဖြင့် စစ်ပွဲများကို ရှောင်လွှဲ၍ နိုင်ငံရေးအဖြေရှာနိုင်သည့် အခြေအနေ ဖြစ်ပေါ်နေပြီဖြစ်သည်။ စင်စစ်အားဖြင့် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ လွှတ်တော်ဥက္ကဋ္ဌများနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့အပါအဝင် အစိုးရကိုယ်စားလှယ်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ရှစ်ဖွဲ့တို့မှ ခေါင်းဆောင် ရှစ်ဦးတို့ ကုလသမဂ္ဂ၊ အီးယူ၊ တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ ဂျပန်တို့ပါဝင်သည့် နိုင်ငံတကာအသိသက်သေများရှေ့မှောက်တွင် လက်မှတ်ရေးထိုးခဲ့ကြသည့် NCA စာချုပ်သည် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သက်သက်မျှသာမကဘဲ ဒီမိုကရေစီနှင့် ဖက်ဒရယ်ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးမှုများမှ ထွက်ပေါ်လာသည့် ရလဒ်များနှင့်အညီ တည်ဆောက်သွားနိုင်ရေးအထိ ကျယ်ပြန့်သည့်အချက်အလက်များ ပါဝင်သည်။

ငြိမ်းချမ်းရေးဆွေးနွေးမှုများတွင် အဓိကအကျဆုံးအချက်မှာ ငြိမ်းချမ်းရေးကို အမှန်တကယ် ရယူတည်ဆောက်လိုသည့် စိတ်ဆန္ဒနှင့် သန္နိဋ္ဌာန်ပင်ဖြစ်သည်။ ငြိမ်းချမ်းလိုသော ထက်သန်သည့် စိတ်ဆန္ဒ၏နောက်တွင် ပြုမူပြောဆိုမှုတို့ကလည်း ငြိမ်းချမ်းရေးဆီသို့ ဦးတည်စေသည်။ ခိုင်မာသော သန္နိဋ္ဌာန်ကလည်း ငြိမ်းချမ်းရေးကို မရအရယူမည့် ဇွဲလုံ့လကို မွေးဖွားပေးသည်။ ငြိမ်းချမ်းရေးဆွေးနွေးမှုများတွင် နောက်ထပ်အရေးပါသည့်အချက်မှာ ရိုးသားမှုနှင့် စေတနာမှန်ကန်မှုတို့ပင်ဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ငြိမ်းချမ်းရေးဖိတ်ခေါ်ကမ်းလှမ်းမှုများတွင် ဆိုခဲ့ပါအချက်များ ပါရှိပြီးဖြစ်ရာ ကျန်ရှိနေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များလည်း တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းပေါ် ရောက်ရှိလာရန် မျှော်လင့်မိသည်။

ယခု ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်၍ နိုင်ငံတစ်ဝန်းလုံးတွင်ရှိသည့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက လိုလားတောင့်တနေကြသည့် ထာဝရငြိမ်းချမ်းရေးရရှိရန် ဦးတည်ဆောင်ရွက်နေခြင်းဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခများကြောင့် ၇၅ နှစ်တာမျှကြာအောင် လွတ်လပ်ရေး၏ အနှစ်သာရများကို အပြည့်အဝ မခံစားရသေးသည့် တိုင်းရင်းသားပြည်သူများ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးမှုတို့ ခံစားရရှိနိုင်ရန်မှာ ဒေသများ ငြိမ်းချမ်းရန်လိုသည်။ ဒေသအားလုံး ငြိမ်းချမ်းပြီဆိုလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို တစိုက်မတ်မတ် အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ရာ ပြည်ထောင်စုကြီး၏အကျိုး၊ ဒေသများ၏ အကျိုး၊ ပြည်သူတစ်ရပ်လုံး၏ အကျိုးအတွက် ငြိမ်းချမ်းရေးကမ်းလက်များ ခိုင်ခိုင်မြဲမြဲ ဆုပ်ကိုင်နိုင်ပါစေကြောင်း။ ။

## PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများမှ ဥပဒေဘောင်အတွင်း ဝင်လိုသူများနှင့်ပတ်သက်၍ အသိပေးထုတ်ပြန်ခြင်း

တိုင်းရင်းသားလူမျိုးများစွာ မှီတင်းနေထိုင်လျက်ရှိသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအတွက် အချင်းချင်းသွေးစည်းညီညွတ်မှုရှိမှသာ ပြည်ထောင်စုကြီးမပြိုကွဲဘဲ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲမည်ဆိုသည်ကို အတိတ်သမိုင်းမှ သင်ခန်းစာများရရှိခဲ့ပြီး ဖြစ်ပါသည်။ အနာဂတ်တွင်လည်း အလားတူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုပေါင်းအားကို ဆက်လက်ကြိုးပမ်းတည်ဆောက်သွားရမည်ဖြစ်ပါသည်။ နိုင်ငံရေးအရ သဘောထားကွဲလွဲမှု၊ တိုင်းရင်းသားအရေးအရ သဘောထားကွဲလွဲမှုများကြောင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားခဲ့ရပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်ခဲ့ရပါသည်။

အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG တို့က နိုင်ငံတော်ကြီး အလုံးစုံပျက်သုဉ်းရေးကိုဦးတည်ကာ အကြမ်းဖက်သတ်ဖြတ်မှုများကို လုပ်ဆောင်ရန် စည်းရုံးသိမ်းသွင်းခံထားရသူများသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်မှုများကိုပြုလုပ်လာခဲ့ကြပါသည်။ ထိုသို့ ဆောင်ရွက်နေမည်ဆိုပါက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီထွန်းကားရေးကို ထိခိုက်နှောင့်နှေးစေမည်ဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ် အနက်မှ "အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်ပေးနိုင်ရေး ဆောင်ရွက်သွားမည်"ဟူသည့် ရှေ့လုပ်ငန်းစဉ်အရ လည်းကောင်း၊ "စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး" ဟူသည့် နိုင်ငံရေးဦးတည်ချက်အရ လည်းကောင်း စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ဆက်လက်ဖော်ဆောင်နိုင်ရေးအတွက် ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည် ဆိုသည့်အချက်နှင့်အညီ ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်မှသာ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

သို့ပါ၍ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်–

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (၁) ဦးညွန့်ဝင်း | ညွှန်ကြားရေးမှူးချုပ်<br>အနုပညာဦးစီးဌာန<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန |
| (၂) ဒေါက်တာ မျိုးမျိုး | ပါမောက္ခချုပ်<br>ရွှေဘိုတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၆) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇွန် ၁၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၆) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဇွန် ၁၆ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ယင်းသတင်းစာရှင်းလင်းပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV–HD၊ MRTV News၊ MWD၊ MWD Variety၊ MITV၊ MOI Website၊ MOI Youtube၊ MRTV Website နှင့် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ မန္တလေး FM၊ ပဉ္စဝတီ FM၊ ရွှေ FM၊ ပတ္တမြား FM၊ FM ပုဂံ၊ ချယ်ရီ FM နှင့် Star FM တို့မှ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

**သတင်းစဉ်**

## ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွယ်တက္ကသိုလ်များရှိ ပထမနှစ်သင်တန်းများ၏ လစ်လပ်နေရာများသို့ ပြောင်းရွှေ့တက်ရောက်နိုင်ရေး လျှောက်လွှာခေါ်ယူသည့် ကြော်ငြာချက်

(၂၀၂၀) ပြည့်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များသို့ ဝင်ခွင့်ရရှိထားပြီး ကျောင်းလာရောက်အပ်နှံခြင်း မရှိသေးသူများ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များအချင်းချင်း ပြောင်းရွှေ့လျှောက်ထားလိုသူများ၊ အခြားဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များတွင် ဝင်ခွင့်ရရှိသူများသည် ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်များနှင့် ကိုက်ညီပါက ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များသို့ ပြောင်းရွှေ့လျှောက်ထားနိုင်ကြောင်းနှင့် လစ်လပ်နေရာပေါ် မူတည်ပြီး ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်များနှင့် ကိုက်ညီသူများအနက် အမှတ်အများဆုံးရရှိသူများအား ရွေးချယ်၍ လစ်လပ်နေရာများတွင် အစားထိုးပြောင်းရွှေ့တက်ရောက်ခွင့်ပြုရေး ရွေးချယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက ကျန်းမာရေးဝန်ကြီးဌာန၏ Facebook Page, Website တို့တွင်လည်းကောင်း၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၏ Website တွင် လည်းကောင်း၊ သက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွယ် တက္ကသိုလ်များ၏ Website များတွင်လည်းကောင်း ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်းနှင့် မိမိတို့လက်ရှိတက်ရောက်ပညာသင်ကြားလျက်ရှိသော တက္ကသိုလ်များတွင်လည်း စုံစမ်းမေးမြန်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမှာကြားစဉ်။

● *ရွှေ့ဖုံးမှ*

ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ရှင်းလင်းတင်ပြ**

အခမ်းအနားတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်း၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာ စိုင်းကျော်နိုင်ဦးတို့က သီးနှံမျိုးများဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှု၊ စပါး၊ နေကြာ၊ မြေပဲ၊ နှမ်း၊ ပဲတီစိမ်း၊ ပဲပုပ်၊ မတ်ပဲ၊ ပဲစင်းငုံ၊ ကုလားပဲ၊ အစေ့ထုတ် စပ်မျိုးပြောင်း၊ ဆပ်သီးနှံ၊ နှံစားပြောင်း၊ ချည်မျှင်ရှည်ဝါ၊ ကြံနှင့် ခရမ်းချဉ် စသည့်စိုက်ပျိုးရေးသီးနှံများအလိုက် မျိုးသန့်ပွားများခြင်းနှင့် မျိုးစေ့ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ၂၀၂၀-၂၀၂၁ နှင့် ၂၀၂၁-၂၀၂၂ ခုနှစ်အတွင်း သီးနှံမျိုးစေ့များ ဖြန့်ဝေပေးနိုင်မှုအခြေအနေ၊ နှစ်ရှည်သီးနှံများ၊ ရာသီသီးနှံများနှင့် စက်မှုသီးနှံများ မျိုးကောင်းမျိုးသန့်ရရှိရေး သုတေသနပြုဆောင်ရွက်နေမှု၊ ရာသီဥတုနှင့် လိုက်လျောညီထွေရှိပြီး သီးနှံအလိုက်၊ ဒေသအလိုက် သင့်လျော်သောစိုက်နည်းစနစ်များ ဖော်ထုတ်ခြင်း သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှု၊ အပင်အာဟာရပြည့်ဝစွာရရှိရေး ဇီဝမြေသြဇာများ၊ ဓာတ်မြေသြဇာများအသုံးပြု၍ စမ်းသပ်စိုက်ပျိုးခြင်းနှင့် မြေဆီလွှာထိန်းသိမ်းခြင်းဆိုင်ရာ သုတေသနပြုဆောင်ရွက်နေမှု၊ ပိုးမွှား/ ရောဂါဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှု၊ သီးနှံပုံစံဆိုင်ရာ သုတေသနလုပ်ငန်းများဆောင်ရွက်နေမှု၊ အပင်ဇီဝနည်းပညာဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှု၊ စက်မှု၊ စိုက်ပျိုးရေးနှင့် အသက်မွေးပညာသင်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားနေမှု၊ ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းကျောင်းနှင့် စိုက်ပျိုးရေးသိပ္ပံဌာနခွဲများ ဖွင့်လှစ်သင်ကြားပေးနေမှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး ဒီပလိုမာသင်တန်းများ ဖွင့်လှစ်သင်ကြားနေသည့် အခြေအနေနှင့် ဆီထွက်သီးနှံစိုက်ပျိုးမှု၊ စားသုံးဆီများ ထုတ်လုပ်နေမှုနှင့် ပြည်တွင်းသုံးစွဲမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်တင်ပြကြသည်။

**နိုင်ငံအတွက် အဓိကလိုအပ်ချက်ဖြစ်**

ရှင်းလင်းတင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **သုတေသနလုပ်ငန်း(Research and Development) သည် နိုင်ငံတစ်ခုအတွက် အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်**ကြောင်း၊ စီးပွားရေးလုပ်ငန်းဆောင်ရွက်သည့် အဖွဲ့အစည်းများနှင့် ကမ္ဘာ့နိုင်ငံများတွင် သုတေသနလုပ်ငန်းများကို အားပေးဆောင်ရွက်ကြသကဲ့သို့ မိမိတို့နိုင်ငံအတွက်လည်း အရေးကြီးလိုအပ်ချက်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသတွင် နေထိုင်ကြကြောင်း၊ စိုက်ပျိုးရေးကို အခြေခံသည့် စက်မှုလုပ်ငန်းများလည်းရှိကြောင်း၊ မိမိတို့နိုင်ငံ၏ ဂျီဒီပီသည် စိုက်ပျိုးရေးလုပ်ငန်းမှ များစွာအထောက်အကူပြုကြောင်း၊ **စိုက်ပျိုးရေးထုတ်ကုန်များ အထွက်နှုန်းကောင်းမွန်ရန်နှင့် အရည်အသွေးကောင်းမွန်ရန်လိုအပ်**ကြောင်း၊ ထို့ကြောင့် **သုတေသနလုပ်ငန်းများဖြင့် မျိုးကောင်းမျိုးသန့်များရရှိအောင် ဆောင်ရွက်ကြရခြင်းဖြစ်**ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် မျိုး၊ မြေ၊ ရေ၊ နည်းလေးမျိုးမှာ အဓိကလိုအပ်ချက်ဖြစ်ကြောင်း၊ မျိုးကောင်းရန်၊ အာဟာရပြည့်ဝသည့် မြေသြဇာရရှိရန်၊ ရေလုံလောက်စွာရရှိရန်နှင့် နည်းစနစ်ကောင်းမွန်စွာဖြင့် စိုက်ပျိုးနိုင်ရန် လိုကြောင်း၊ အဆိုပါအချက်များအပေါ် မူတည်၍ အထွက်နှုန်းများ ကွာခြားသွားခြင်းပင်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးသုတေသနလုပ်ငန်းသည် နိုင်ငံအတွက် အဓိကလိုအပ်ချက်ဖြစ်ကြောင်း ပြနေသဖြင့် အရေးကြီးကြောင်း။

**အော်ဂဲနစ်နည်းပညာများဖြင့် သီးနှံများစိုက်ပျိုး**

အနံ့နှင့်ပတ်သက်၍ စပါး၊ လူး၊ ဆပ်တို့ရှိရာတွင် စပါးသည် အဓိကလိုအပ်ချက်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် စပါးမျိုးပေါင်းများစွာရှိပြီး ဒေသနှင့်ကိုက်ညီသည့် စပါးမျိုးများကို စိုက်ပျိုးနိုင်ရန် လိုကြောင်း၊ ပင်လယ်ရေငန်ဒဏ်ခံနိုင်သည့်၊ ရာသီဥတုဒဏ်ခံနိုင်သည့် မျိုးကောင်းမျိုးသန့်များ ရရှိအောင် သုတေသနပြုဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ အထွက်နှုန်းကောင်းမွန်ပြီး အရည်အသွေးပြည့်မီသည့် မျိုးများလည်းဖြစ်ရန်လိုကြောင်း၊ အော်ဂဲနစ်နည်းပညာများဖြင့် သီးနှံများစိုက်ပျိုးနိုင်ရန် လိုအပ်ကြောင်း။

အထွက်နှုန်းကောင်းမွန်ရန်အတွက် မြေသြဇာများ ပြည့်ဝစွာရရှိရန်လိုအပ်သဖြင့် မြေသြဇာများ ဝယ်ယူရရှိရေးနှင့် ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ **စိုက်ပျိုးရေးနှင့် မွေးမြူရေးသည် ဒွန်တွဲလျက်ရှိပြီး အပြန်အလှန်အကျိုးပြုလျက်ရှိ**ကြောင်း၊ **စိုက်ပျိုးရေးမှ ထွက်ရှိသည့် ထွက်ကုန်များသည် တိရစ္ဆာန်အစားအစာများ ပြုလုပ်၍ရသကဲ့သို့ မွေးမြူရေးတိရစ္ဆာန်များမှ ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများကို ဇီဝမြေသြဇာအဖြစ် အသုံးချ၍ရ**ကြောင်း၊ မြေသြဇာများ ထုတ်လုပ်နိုင်ရေး သုတေသနလုပ်ငန်းများအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

**သုတေသနလုပ်ငန်းများဖြင့် ဆောင်ရွက်**

ရေသုံးစွဲမှုနှင့် ပတ်သက်၍ အချို့သည် ရေများကို အဟောသိကံ အသုံးပြုလျက်ရှိကြောင်း၊ ရေကို စနစ်တကျဖြင့် အသုံးချရန်လိုကြောင်း၊ အချို့နေရာများတွင် ရေလုံလောက်စွာမရရှိသဖြင့် စိုက်ပျိုးမှုမဖြစ်ထွန်းသည့် နေရာများရှိသဖြင့် ရေပေးဝေရေးစနစ်များ ကောင်းမွန်စေရေး ဆောင်ရွက်ရန် လိုကြောင်း၊ အချို့နိုင်ငံများတွင် ရေရှားပါးသော်လည်း ရေအစက်ချစနစ်များကို အသုံးပြု၍ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် ရေနှင့်မြေများ လုံလောက်စွာရှိသော်လည်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုနည်းပါးနေသေးသည်ကို တွေ့ရှိရကြောင်း၊ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် ရေကိုအကျိုးရှိစွာ အသုံးချနိုင်ရေး သုတေသနလုပ်ငန်းများဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း။

*စာမျက်နှာ ၄ သို့*

- **စိုက်ပျိုးရေးထုတ်ကုန်များ အထွက်နှုန်းကောင်းမွန်ရန်နှင့် အရည်အသွေးကောင်းမွန်ရန်လိုအပ်၊ သုတေသနလုပ်ငန်းများဖြင့် မျိုးကောင်းမျိုးသန့်များရရှိအောင် ဆောင်ရွက်ကြရခြင်းဖြစ်**
- **စိုက်ပျိုးရေးနှင့် မွေးမြူရေးသည် ဒွန်တွဲလျက်ရှိပြီး အပြန်အလှန်အကျိုးပြုလျက်ရှိ၊ စိုက်ပျိုးရေးမှထွက်ရှိသည့် ထွက်ကုန်များသည် တိရစ္ဆာန်အစားအစာများ ပြုလုပ်၍ရသကဲ့သို့ မွေးမြူရေးတိရစ္ဆာန်များမှထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများကို ဇီဝမြေသြဇာအဖြစ် အသုံးချ၍ရ**
- **မိမိတို့နိုင်ငံတွင် စိုက်ဧက ၃၃ သန်းရှိပြီး စပါးစိုက်ပျိုးမှုအနေဖြင့် မိုးစပါးစိုက်ဧက ၁၄ သန်းကျော်နှင့် နွေစပါးစိုက်ဧက ၃ သန်းခန့်ရှိ၊ အဆိုပါမြေများပေါ်တွင် စိုက်ပျိုးရေးလုပ်ငန်းများကို သီးထပ်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားမည်ဆိုပါက စပါးထွက်ရှိမှုများ ပိုမိုတိုးတက်လာမည်**

*စာမျက်နှာ ၃ မှ*

စိုက်နည်းစနစ်များ ကောင်းမွန်မှသာ အထွက်နှုန်းများ ကောင်းမွန်မည်ဖြစ်ကြောင်း၊ စပါးများ စိုက်ပျိုးရာတွင် ကောက်ကွက်များပြည့်မီရန် လိုအပ်ကြောင်း၊ **မိမိတို့နိုင်ငံတွင် စိုက်ဧက ၃၃ သန်းရှိပြီး စပါးစိုက်ပျိုးမှုအနေဖြင့် မိုးစပါးစိုက်ဧက ၁၄ သန်းကျော်နှင့် နွေစပါးစိုက်ဧက ၃ သန်းခန့်ရှိ**ကြောင်း၊ **အဆိုပါမြေများပေါ်တွင် စိုက်ပျိုးရေးလုပ်ငန်းများကို သီးထပ်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားမည်ဆိုပါက စပါးထွက်ရှိမှုများ ပိုမိုတိုးတက်လာမည်ဖြစ်**ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် စိုက်ပျိုးရေးပညာရှင်များ လိုအပ်ကြောင်း။

**စနစ်တကျဖြင့် မွေးမြူရန်လို**

မွေးမြူရေးနှင့် ပတ်သက်၍ မိမိတို့နိုင်ငံတွင် ကြက်၊ ဝက်၊ ဆိတ်၊ နွားနှင့် ငါးတို့ကို အဓိကစားသုံးကြကြောင်း၊ ၎င်းတို့အတွက် မွေးမြူရေးပညာရှင်များလည်း လိုအပ်ကြောင်း၊ ကြက်မွေးမြူရေးလုပ်ငန်းများတွင် လိုအပ်ချက်များ များစွာရှိကြောင်း၊ မွေးမြူရေးလုပ်ငန်းများ၌ လှောင်မွေးသည့်စနစ်၊ လွှတ်မွေးသည့်စနစ်နှင့် လှန်မွေးသည့်စနစ် သုံးမျိုးရှိပြီး လှောင်မွေးသည့်စနစ်သည် အကောင်းဆုံးဖြစ်ကြောင်း၊ တိရစ္ဆာန်များကို အစာပြည့်ဝစွာကျွေးမွေးပြီး စနစ်တကျဖြင့် မွေးမြူရန်လိုကြောင်း၊ **အခြေခံကျသည့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မွေးမြူရေးပညာရှင်များနှင့် မွေးမြူရန်**လိုကြောင်း၊ ထို့ကြောင့် **မိမိအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ချိန်တွင် စိုက်ပျိုးမွေးမြူရေးပညာရှင်များ မွေးထုတ်နိုင်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းများ၊ ကောလိပ်နှင့်တက္ကသိုလ်များတိုးချဲ့ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိ**ကြောင်း၊ အိမ်နီးချင်းနိုင်ငံများတွင်လည်း စိုက်ပျိုးမွေးမြူရေးနှင့် ပတ်သက်သည့် တက္ကသိုလ်များ၊ ကောလိပ်များသည် မိမိတို့နိုင်ငံထက် များပြားသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်သော်လည်း စိုက်ပျိုးရေးတက္ကသိုလ်တစ်ခုသာ ရှိပါကြောင်း၊ စိုက်ပျိုးရေးပညာရှင်များ များစွာမွေးထုတ်ပေးရန် လိုနေသေးကြောင်း၊ **စိုက်ပျိုးမွေးမြူရေးနှင့် ပတ်သက်သည့် ပညာရှင်များ မွေးထုတ်ပေးနိုင်မည်ဆိုပါက မိမိတို့နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ လုံလောက်စွာရရှိမည်ဖြစ်**ကြောင်း၊ မိမိတို့အနေဖြင့် ခရိုင်များတိုးချဲ့ဖွဲ့စည်းလျက်ရှိပြီး ခရိုင်များအလိုက် နည်းပညာဆိုင်ရာ သင်တန်းကျောင်းများ ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထူးချွန်သူများကိုလည်း အဆင့်မြင့်ပညာများ ဆက်လက်သင်ကြားနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

**ထုတ်လုပ်မှုတိုးမြှင့်အောင် ဆောင်ရွက်**

ဆီဖူလုံရေးနှင့် ပတ်သက်၍ စက်သုံးဆီနှင့် စားသုံးဆီများကို ပြည်ပမှ နှစ်စဉ်တင်သွင်းနေရမှုများရှိကြောင်း၊ ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီစားသုံးမှုလျှော့ချခြင်းနှင့် ထုတ်လုပ်မှုတိုးမြှင့်အောင် ဆောင်ရွက်ခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆီထွက်သီးနှံများစိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးမြေများ လုံလောက်စွာရှိပြီးဖြစ်ကြောင်း၊ လူတစ်ဦးချင်း တစ်ရက်ဆီစားသုံးမှုအနေဖြင့် ၂ ဒသမ ၂၅ ကျပ်သားရှိပြီး တစ်နိုင်ငံလုံး တစ်နှစ်လျှင် ဆီတန်ချိန်လိုအပ်မှုမှာ တန်ချိန် ၆ သိန်းမှ ၇ သိန်း ခန့်ဖြစ်သော်လည်း ပြည်တွင်းဆီထုတ်လုပ်မှုမပါ နှစ်စဉ်ပြည်ပမှ ဆီတန်ချိန် ၈ သိန်းမှ ၉ သိန်းအထိ တင်သွင်းနေရသဖြင့် ဆီစားသုံးမှုများ များပြားနေသည်ကို တွေ့ရှိရကြောင်း။

**စနစ်တကျဖြင့် ကြိုးပမ်းဆောင်ရွက်**

ဆီထွက်သီးနှံဖြစ်သည့် ပဲပုပ်များစိုက်ပျိုးနိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းပဲပုပ်စိုက်ပျိုးမှုကို တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းဆီထုတ်လုပ်မှု တိုးတက်လာမည်ဖြစ်သကဲ့သို့ တိရစ္ဆာန်အစာအတွက် ပြည်ပမှ ပဲပုပ်ကြိတ်ဖတ်များတင်သွင်းမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ အလားတူ နေကြာစိုက်ပျိုးမှုများကို ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ပြည်တွင်း၌ ဆီထွက်သီးနှံများကို တိုးမြှင့်စိုက်ပျိုးဆောင်ရွက်သွားမည်ဆိုပါက ပြည်တွင်းဆီဖူလုံမှုကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ ဆီထွက်သီးနှံဖြစ်သည့် မြေပဲနှင့် နှမ်းတို့ကို အခြားနည်းများဖြင့် စားသုံးမှုများရှိသဖြင့် အခြားဆီထွက်သီးနှံများကို ဦးစားပေးစိုက်ပျိုးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းမှထွက်ရှိသည့် နှမ်းနှင့်ပဲပုပ်များသည် ပြည်ပသို့ တင်ပို့နိုင်ကြောင်း၊ စပါးမျိုးနှင့်ပတ်သက်၍လည်း မိမိတို့နိုင်ငံရှိ ကောင်းမွန်ပြီးဖြစ်သည့် ပေါ်ဆန်းမွှေးကဲ့သို့သော စပါးမျိုးကောင်းများကို ထိန်းသိမ်းဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်း၊ ထို့အတူ ကောက်ညှင်းသည်လည်း မိမိတို့နိုင်ငံတွင်သာမက တရုတ်၊ ဂျပန်နှင့် ထိုင်းနိုင်ငံတို့တွင်လည်း စားသုံးမှုများပြားကြောင်း၊ ထို့ကြောင့် ကောက်ညှင်းစိုက်ပျိုးမှုတိုးတက်စေရေး သုတေသနပြုဆောင်ရွက်စေလိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းသည် နိုင်ငံအတွက် အရေးကြီးသည့် အသက်မွေးဝမ်းကျောင်းတစ်ခုဖြစ်ကြောင်း၊ နိုင်ငံအတွက်အကျိုးရှိသည့် သုတေသနလုပ်ငန်းများကို စနစ်တကျဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ **စိုက်ပျိုးရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်၍ စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံအတွက် များစွာအကျိုးရှိမည်ဖြစ်**ကြောင်း၊ **စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ရေးအတွက် စိုက်ပျိုးရေးဝန်ကြီးဌာနအနေဖြင့် ကြိုးပမ်းဆောင်ရွက်စေလို**ကြောင်း မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ပြခန်းများအား လှည့်လည်ကြည့်ရှုကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စိုက်ပျိုးရေးသုတေသနဦးစီးဌာနဝန်ထမ်းများကို သုတေသနအောင်မြင်မှုများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

**ရေဆင်းသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့**

အဆိုပါစိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာနကို ၁၉၅၄ ခုနှစ်တွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ကြိုးကုန်းတွင် လယ်ယာစိုက်ပျိုးခြင်း သုတေသနဗိမာန်အမည်ဖြင့် စတင်တည်ထောင်ခဲ့ကြောင်း၊ ၁၉၇၁ ခုနှစ်တွင် ပျဉ်းမနားမြို့နယ် ရေဆင်းသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ကြောင်း၊ ၂၀၀၄ ခုနှစ်တွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာနအဖြစ် သီးခြားဖွဲ့စည်းခဲ့ကြောင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် သုတေသနဗဟိုဌာန ၇ ခု၊ သုတေသန ခြံ/စခန်း ၂၂ ခု ဖွင့်လှစ်ထား၍ သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ၁၉၅၄ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ သီးနှံမျိုးစုံ ၂၅၃ မျိုးကို ထုတ်ဝေပေးနိုင်ခဲ့ပြီး ယခု ၂၀၂၀ – ၂၀၂၁ နှင့် ၂၀၂၁– ၂၀၂၂ ခုနှစ် ကာလအတွင်း သီးနှံမျိုးစုံ ၃၇ မျိုး သုတေသနပြု ထုတ်လုပ်နိုင်ခဲ့ပြီး ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနရှိ မျိုးစေ့ဘဏ်ကို ၁၉၉၀ ပြည့်နှစ်တွင် တည်ဆောက်ပြီးစီးခဲ့ကြောင်း၊ သဘာဝအပင်မျိုးဗီဇများကို စနစ်တကျထိန်းသိမ်းပြီး စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝစေရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အပင်မျိုးဗီဇအရင်းအမြစ်များကို ရေရှည်တည်တံ့အောင် စနစ်တကျအသုံးချ ဆောင်ရွက်ရန် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး လက်ရှိအချိန်တွင် စပါး၊ စပါးရိုင်း၊ ပဲမျိုးစုံသီးနှံများ၊ နှံစားသီးနှံများ၊ ဆီထွက်သီးနှံများနှင့် ဟင်းသီးဟင်းရွက်နှင့် အခြားသီးနှံများ အပင်မျိုးဗီဇ စုစုပေါင်း ၁၂၈၃၈ မျိုးကို ထိန်းသိမ်းထားရှိပြီး စတင်ဖွင့်လှစ်ချိန်မှ ယနေ့အချိန်အထိ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများသို့ သီးနှံဗီဇအရင်းအမြစ် စုစုပေါင်း ၂၄၇၇၇ ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တာဝန်ရှိသူများ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ပြခန်းများအား လှည့်လည်ကြည့်ရှုစဉ်။

■ **အခြေခံကျသည့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မွေးမြူရေးပညာရှင်များနှင့် မွေးမြူရန်လို၊ မိမိအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ချိန်တွင် စိုက်ပျိုးမွေးမြူရေးပညာရှင်များ မွေးထုတ်နိုင်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းများ၊ ကောလိပ်နှင့် တက္ကသိုလ်များ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိ**

■ **စိုက်ပျိုးရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်၍ စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံအတွက် များစွာအကျိုးရှိမည်ဖြစ်၊ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ရေးအတွက် စိုက်ပျိုးရေးဝန်ကြီးဌာနအနေဖြင့် ကြိုးပမ်းဆောင်ရွက်စေလို**







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းအား ကျောက်ဖြူမြို့ရှိ သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး လျှပ်စစ်ဓာတ်အားပေး စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

❖ *ကျောဖုံးမှ*

ဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့အား စက်ရုံစီမံကိန်း အစည်းအဝေးခန်းမ၌ စီမံကိန်းတာဝန်ခံ ဦးအောင်ကိုလတ်နှင့် ဒုတိယမန်နေဂျာ ဦးမင်းသွင်ခန့်တို့က စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)က သိရှိလိုသည်များ မေးမြန်းပြီး စက်ရုံလုပ်ငန်း စတင်လည်ပတ်ပါက ၁၃၅ MW ဓာတ်အား ထွက်ရှိမည်ဖြစ်ပြီး ၁ ယူနစ် လျှင် ၈ ဒသမ ၅၉ ဆင့် နှုန်းဖြင့် ဖြန့်ချိနိုင်မည်ဖြစ်၍ ဒေသအတွက် များစွာအကျိုးရှိနိုင်မည့် အခြေအနေ၊ စက်ရုံစီမံကိန်း အကောင်အထည်ဖော်မှုနှင့် စက်ရုံလည်ပတ်ချိန်တွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး ဆောင်ရွက်ရန် အခြေအနေ၊ စက်ရုံပတ်ဝန်းကျင် ဒေသခံပြည်သူများအတွက် ကျန်းမာရေး၊ ပညာရေးနှင့်ပတ်သက်သော Corporate Social Responsibility (CSR) လုပ်ငန်းများ ဆောင်ရွက်နိုင်မှုအခြေအနေ၊ စီမံကိန်းဆောင်ရွက်မှုကို သတ်မှတ်စံချိန်စံနှုန်းများ ပြည့်မီစွာဖြင့်ရည်မှန်းကာလ ပြီးစီးရေး ဆောင်ရွက်ရန်အခြေအနေ၊ စီမံကိန်း အကောင်အထည်ဖော်မှု သတ်မှတ်ကာလအတွင်းစက်ပိုင်းဆိုင်ရာ များနှင့်ပတ်သက်၍ လေ့လာလိုသည့် ပညာရှင်များရှိပါက လာရောက်လေ့လာနိုင်မည့် အခြေအနေများကို ပြန်လည်ဆွေးနွေးပြောကြားသည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကျောက်ဖြူမြို့ ပြည်သူ့ဆေးရုံ၌ ဆေးရုံအုပ်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

## လိုက်လံကြည့်ရှု

ထို့နောက် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး လျှပ်စစ်ဓာတ်အားပေး စီမံကိန်း တည်ဆောက်နေမှုများကို လိုက်လံကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

အဆိုပါ သဘာဝဓာတ်ငွေ့ နှင့် စွန့်ပစ်အပူသုံး လျှပ်စစ်ဓာတ်အားပေးစီမံကိန်း စက်ရုံတွင် ဂျာမနီနိုင်ငံမှ ထုတ်လုပ်သော မြန်မာနိုင်ငံတွင် ပထမဦးဆုံးအသုံးပြုမည့် စွမ်းအားအမြင့်ဆုံးနှင့် သဘာဝဓာတ်ငွေ့ သုံးစွဲမှု အသက်သာဆုံး SGT-800 Gas Turbine အနည်းငယ်ဖြင့် လည်ပတ်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး စက်ရုံလည်ပတ်စဉ်ကာလ ၂၅ နှစ်အတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေး လုပ်ငန်း(EPGE)မှ အင်ဂျင်နီယာများအား စက်ရုံတွင် ခေါ်ယူတာဝန်ပေး၍ စက်ရုံလည်ပတ်မှု ပြုပြင်ထိန်းသိမ်းမှုဆိုင်ရာ နည်းပညာများအား လွှဲပြောင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

## ညှိနှိုင်းဆောင်ရွက်ပေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့များသည် ကျောက်ဖြူမြို့ ပြည်သူ့ဆေးရုံသို့သွားရောက်၍ ဆေးရုံအစည်းအဝေးခန်းမတွင် ဆေးရုံအုပ်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများကို တွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

## သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေး

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့များသည် ကျောက်ဖြူပညာရေးဒီဂရီကောလိပ်သို့ သွားရောက်၍ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကျောင်းအုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များနှင့် သင်ကြားရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကျောက်ဖြူပညာရေး ဒီဂရီကောလိပ်၌ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း စစ်တွေမြို့ရှိ လောကာနန္ဒာစေတီတော်မြတ်ကြီးအတွက် အလှူငွေ များ ပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း စစ်တွေမြို့ရှိ စကြာမုနိသွန်းစက်တော်ဘုရားကို ဖူးမြော်ကြည်ညိုစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း စစ်တွေမြို့ရှိ တပ်မတော်ဆေးရုံ၌ ဆေးရုံတက်ရောက်ဆေးကုသမှု ခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် ဇွန် ၁၄

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ရှိ တပ်မတော်ဆေးရုံသို့ သွားရောက်ကြည့်ရှုပြီး ဆေးရုံတက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများကို ကြည့်ရှုအားပေးစကားပြောကြားသည်။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း စစ်တွေမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများကို အားပေးစကားပြောကြားစဉ်။

### အားပေးစကားပြောကြား

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များကို ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများကကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ဆေးရုံတက်ရောက် ဆေးကုသမှု ခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများကို လိုက်လံကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု အခြေအနေများ မေးမြန်းအားပေး စကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

### ဝန်ထမ်းများအတွက် ချီးမြှင့်ငွေပေးအပ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)သည် ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ ဆေးရုံအုပ်ကြီးက လက်ခံရယူသည်။

### လှည့်လည်ဖူးမြော်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့ရှိ လောကာနန္ဒာစေတီတော်မြတ်ကြီးနှင့် စကြာမုနိသွန်းစက်တော်ဘုရားသို့ သွားရောက်၍ ပန်း၊ ရေချမ်း၊ ဆီမီး ထွန်းညှိပူဇော်ပြီး လှည့်လည်ဖူးမြော်ကာ အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။ ထို့နောက် စစ်တွေမြို့ ကမ်းနားလမ်းတစ်လျှောက်နှင့် မြို့အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကျောက်ဖြူတပ်နယ်၊ အမ်းတပ်နယ်၊ ဧည့်ဝတီရေတပ်စခန်းဌာနချုပ်တို့မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကျောက်ဖြူတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

နေပြည်တော် ဇွန် ၁၄

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မှ တပ်မတော်အရာရှိကြီးများ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့တွင် ကျောက်ဖြူတပ်နယ်၊ အမ်းတပ်နယ်နှင့် ဧည့်ဝတီရေတပ်စခန်းဌာနချုပ်တို့မှ အရာရှိ၊ စစ်သည်မိသားစုများအား တပ်နယ်ခန်းမများနှင့် ရိပ်သာတို့တွင် သီးခြားစီတွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) က အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ အနောက်ဘက် ကမ်းရိုးတန်းနှင့် ရေပြင်ပိုင်နက်ကို လုံခြုံအောင် ကာကွယ်စောင့်ရှောက်ရန် တာဝန်ထမ်းဆောင်နေသူများဖြစ်၍ တာဝန်ကြီးလေးမှုအပေါ် အလေးထားဆောင်ရွက်ရန်လိုကြောင်း၊ ဖြစ်ပေါ်ပြောင်းလဲနေသော ကမ္ဘာ့အရေးအရာနှင့် နည်းပညာများအပေါ် မျက်ခြည်မပြတ် လေ့လာရန်နှင့် မိမိတို့နယ်မြေအပေါ် ခြိမ်းခြောက်နေသည့် အန္တရာယ်များအား သတိရှိစွာဖြင့် စောင့်ကြည့်နေရန်လိုကြောင်း၊ တပ်မတော်သည် အတွေ့အကြုံအရ တိုက်ပွဲနှင့် လက်နက်ကိုင်ပဋိပက္ခများကို မလိုလားသော်လည်း အရေးကြီးသော နိုင်ငံတော်ကာကွယ်ရေးတာဝန်အတွက် အသက်နှင့် ခန္ဓာကိုစွန့်လွှတ်တာဝန် ထမ်းဆောင်နေခြင်းဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်တွင် တိုင်းရင်းသား ပြည်သူများအနေဖြင့် လက်နက်ကိုင်ပဋိပက္ခ၏ ဆိုးကျိုးကိုခံစားခဲ့ရပြီးဖြစ်၍ လက်ရှိတည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းနိုင်ရေး ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း။

အရေးပေါ်ကာလအတွင်း ပြည်တွင်းအကြမ်းဖက် အဖွဲ့အစည်းများ၏ နှောင့်ယှက်မှု၊ ပြည်ပနိုင်ငံကြီးအချို့၏ နိုင်ငံရေးအရ ဖိအားပေးမှုများကို သစ္စာရှိဝန်ထမ်းများ၊ ပြည်သူများဖြင့် လက်တွဲကာ ကြံ့ကြံ့ခံ၍ ဖြတ်သန်းခဲ့ကြောင်း၊ ကိုဗစ်-၁၉ ရောဂါနှင့် ဆက်စပ်ဖြစ်ပေါ်ခဲ့သည့် စီးပွားရေးအခက်အခဲ၊ ဘဏ်လုပ်ငန်း အခက်အခဲနှင့် စက်သုံးဆီအပါအဝင် အကျပ်အတည်းအမျိုးမျိုးကို ရင်ဆိုင်ဖြတ်သန်းခဲ့ပြီး ဆက်လက်၍လည်း ပြည်သူ၏ ပေါင်းစည်းအားဖြင့် ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ် (၅)ရပ်ကို အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

## ငြိမ်းချမ်းရေးသည် မရှိမဖြစ်လိုအပ်

ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ နိုင်ငံတော် အကြီးအကဲအနေဖြင့် ဖိတ်ကြားမှုအပေါ် တက်ရောက်လာသော တိုင်းရင်းသား လက်နက်ကိုင်များနှင့် ကိုယ်တိုင်တွေ့ဆုံကာ ပြည်သူတစ်ရပ်လုံးက လိုလားတောင့်တခဲ့သည့် ပါတီစုံဒီမိုကရေစီစနစ်၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်တည်ဆောက်ရေး စသည့် အခြေခံ (၂)ချက်ဖြင့် ဦးတည်ဆွေးနွေးခဲ့ကြောင်း၊ ဖက်ဒရယ်ဆိုင်ရာ အာဏာခွဲဝေကျင့်သုံးမှုနှင့် ပတ်သက်၍ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဥပဒေပုဒ်မများအနက်မှ ပြင်ဆင်သင့် ပြင်ဆင်ထိုက်သော အချက်များ၊ ဇယား(၁/၂/၃/၅)ပါ အချက်များကိုလည်း ဆက်လက်ဆွေးနွေးသွားရန်ရှိကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကောင်းမွန်တိုးတက်ရန်မှာ တည်ငြိမ်မှုရှိရန် အရေးကြီးပြီး တည်ငြိမ်မှုရှိစေရန်မှာ ငြိမ်းချမ်းရေးသည် မရှိမဖြစ်လိုအပ်ကြောင်း၊ သို့ဖြစ်၍လည်း နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ထာဝရငြိမ်းချမ်းရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံးကို ဖိတ်ခေါ်ထားပြီး ငြိမ်းချမ်းရေးတံခါးကို ဖွင့်လှစ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဆက်လက်၍လည်း ဖိတ်ခေါ်ထားပါကြောင်း။

ပြည်တွင်းပြည်ပ အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများအနေဖြင့် နိုင်ငံတော်ကို ဖျက်ဆီးရန်ကြိုးပမ်းမှု မအောင်မြင်၍ ဖွဲ့စည်းပုံအရ ခိုင်မာတောင့်တင်းသော တပ်မတော်ကို ဖြိုခွဲရန်ကြိုးစားလာကြောင်း၊ မီဒီယာမျိုးစုံမှ ဝါဒဖြန့်၍ အထက် အောက် ဆက်ဆံရေးပြိုကွဲစေပြီး တပ်တွင်း စည်းလုံးညီညွတ်ရေး ပြိုကွဲရန် သွေးခွဲမှုများ ပြုလုပ်လာသည်ကို သတိပြုရန်လိုကြောင်း။

လုပ်ငန်းတာဝန်နှင့် ကွပ်ကဲမှုစနစ်အရ ရာထူးအဆင့်များ ခန့်အပ်တာဝန်ပေးထားကာ တူညီသောယူနီဖောင်းဝတ်ထားပြီး တူညီသော လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေကြရသူများဖြစ်၍ ရဲဘော်ရဲဘက်စိတ်ဖြင့် ချစ်ကြည်ရင်းနှီးစွာ နေထိုင်လုပ်ကိုင်ကြရန် လိုကြောင်း၊ အထက်အောက် ထိတွေ့ဆက်ဆံမှုတွင် တာဝန်ရှိသူများအနေဖြင့် အလွတ်သဘော ထိတွေ့ဆက်ဆံမှုများရှိသကဲ့သို့ တစ်ဦးချင်းအလိုက် အလွတ်သဘော ရင်းနှီးစွာ တွေ့ဆုံ၍ အခက်အခဲအပေါ် ပွင့်လင်းစွာ တင်ပြခွင့်ရရှိစေပြီး တင်ပြချက်အပေါ် အရေးတယူ ဖြေရှင်းပေးခြင်းများ ပြုလုပ်ရန်လိုကြောင်း၊ တာဝန်ရှိသူအဆင့်ဆင့်အနေဖြင့် Fatherly Spirit နှင့် Commonder Spirit ကို အချိန်နေရာနှင့် လုပ်ငန်းတာဝန်အလိုက် ပိုင်းခြား၍ မှန်မှန်ကန်ကန် ဆက်ဆံအုပ်ချုပ်သွားရန် လိုကြောင်းဖြင့် မှာကြားပြီး တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ တစ်ဦးချင်း တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အမ်းတပ်နယ်ရှိ အရာရှိ၊ စစ်သည် မိသားစုများအတွက် စားသောက်ဖွယ်ရာ ပစ္စည်းများ ပေးအပ်စဉ်။

## တပ်နယ်များအလိုက် ပေးအပ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) သည် တပ်နယ်များအလိုက် အရာရှိ၊ စစ်သည် မိသားစုများအတွက် စားသောက်ဖွယ်ရာ ပစ္စည်းများ ပေးအပ်ရာ တာဝန်ရှိသူတို့က လက်ခံရယူကြသည်။

တွေ့ဆုံပွဲများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) နှင့် အဖွဲ့ဝင်များသည် ဧည့်ဝတီ ရေတပ်စခန်းဌာနချုပ်ရှိ Aquaponic System ဖြင့် ငါးများ မွေးမြူထားရှိမှု၊ ဥစားကြက်၊ အသားတိုးကြက်၊ DYLဝက် မွေးမြူထားရှိမှု၊ ရာသီသီးနှံများ စိုက်ပျိုးမွေးမြူထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် အဖွဲ့ဝင်များသည် အမ်းတပ်နယ်ရှိ နယ်မြေခံတပ်ရင်း အိမ်ထောင်သည်လိုင်းခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရဲမေများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဧည့်ဝတီ ရေတပ်စခန်းချုပ်ရှိ Aquaponic System ဖြင့် ငါးများ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇွန် ၁၄**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု ဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။(ယာပုံ)



တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးဆွေးနွေးရေး အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ဒုတိယဥက္ကဋ္ဌ စောမြရာဇာလင်း၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ခိုင်စိုးမြ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ခိုင်ပေါ်လင်းတို့ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးဆွေးနွေးရေး အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ဒုတိယဥက္ကဋ္ဌ စောမြရာဇာလင်းတို့က နှုတ်ခွန်းဆက် အမှာစကားပြောကြားကြပြီး တက်ရောက်လာကြသူများက ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးကြကာ တွေ့ဆုံဆွေးနွေးပွဲ ပထမနေ့ကို ရပ်နားလိုက်သည်။

တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ဇွန် ၁၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးဆိုင်ရာ မြန်မာ-ဘင်္ဂလားဒေ့ရှ် ပူးတွဲလုပ်ငန်းအဖွဲ့ ပဉ္စမအကြိမ်အစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၁၄**

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိနေသည့် နေရပ်စွန့်ခွာသူများ ပြန်လည် လက်ခံရေးဆိုင်ရာ မြန်မာ-ဘင်္ဂလားဒေ့ရှ် ပူးတွဲလုပ်ငန်းအဖွဲ့၏ ပဉ္စမအကြိမ် အစည်းအဝေးကို ယနေ့ နံနက် ၁၁ နာရီတွင် နိုင်ငံခြားရေး ဝန်ကြီးဌာန၌ ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည်။(ယာပုံ)






အစည်းအဝေးကို နှစ်နိုင်ငံ ပူးတွဲလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးချမ်းအေးနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံခြားရေး အတွင်းဝန် မစ္စတာ မာဆွတ် ဘင်မိုမမ် (Mr. Masud Bin Momen) တို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်သည်။

အစည်းအဝေးတွင် နေရပ်စွန့်ခွာသူများကို လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စိစစ်ဆောင်ရွက်နေမှုနှင့် ကြုံတွေ့ရသည့် အခက်အခဲများ ဖြေရှင်းနိုင်ရေး၊ စိစစ်ပြီး နေရပ်စွန့်ခွာသူများကို ပြန်လည် လက်ခံရေးလုပ်ငန်း စတင်နိုင်ရန် အတွက် အစီအမံများ ပြင်ဆင်ဆောင်ရွက်နေမှု လုပ်ငန်းများ၊ ပြန်လည်ဝင်ရောက်လာသူများကို ပြန်လည်နေရာချထားရေး အစီအမံများ၊ ပြန်လည်ဝင်ရောက်လာမည့်သူများ မိမိဆန္ဒအလျောက် နေရပ်ပြန်စေရေး အတွက် ယုံကြည်မှုတည်ဆောက်ရေး လုပ်ငန်းများ စသည့်ကိစ္စရပ်တို့ကို နှစ်ဖက်ပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးကြသည်။

ထို့ပြင် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများကို ပြန်လည် လက်ခံရာတွင် နှစ်နိုင်ငံအကြား လက်မှတ် ရေးထိုးထားသည့် သဘောတူညီချက်များနှင့်သာမက ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည် လက်ခံနိုင်ရေး၊ နေရပ်စွန့်ခွာသူများကို ပြန်လည်စိစစ်ရာတွင် ဖြစ်ပေါ်လာနိုင်သည့် ကိစ္စရပ်များကို အဖြေရှာနိုင်ရန်အတွက် ဖွဲ့စည်းထားပြီးဖြစ်သည့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည် လက်ခံရေးအတွက် စိစစ်ရေး လုပ်ငန်းစဉ်ဆိုင်ရာ မြန်မာ-ဘင်္ဂလားဒေ့ရှ် အထူးအဖွဲ့ အကြား ဆက်လက်ညှိနှိုင်း ဆောင်ရွက် သွားရေးတို့ကို ဆွေးနွေးသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့က ရခိုင်ပြည်နယ်၌ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ အတွက် ဆောင်ရွက်ထားရှိမှု၊ ပြန်လည် လက်ခံရေးစခန်းများ၊ ကြားစခန်းနှင့် နေရာချထားပေးမည့် ကျေးရွာများရှိ နေအိမ်များကို ပြန်လည် မွမ်းမံပြင်ဆင်နေမှု၊ ပြန်လည် ဝင်ရောက် လာမည့်သူများ အတွက် အသက်မွေးဝမ်းကျောင်း၊ ကျန်းမာရေးနှင့် ပညာရေး ဝန်ဆောင်မှု ပေးအပ်နိုင်ရန် အတွက် ပြင်ဆင်ဆောင်ရွက်ထား ရှိမှု၊ ကောင်းမွန်သည့် ပတ်ဝန်းကျင်ဖန်တီးပေးရေးနှင့် ပြန်လည် နေရာချထားရေး လုပ်ငန်းစဉ်တွင် မိတ်ဖက်နိုင်ငံများ၊ အာဆီယံနှင့် ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ် များကို ရှင်းလင်းဆွေးနွေးသည်။

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံတို့အကြား ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများကို ပြန်လည် လက်ခံရေးဆိုင်ရာ မြန်မာ-ဘင်္ဂလားဒေ့ရှ် ပူးတွဲလုပ်ငန်းအဖွဲ့၏ ဆဋ္ဌမအကြိမ် အစည်းအဝေး ကျင်းပမည့် နေ့ရက်နှင့်နေရာ တို့ကို သံတမန်လမ်းကြောင်းမှ တစ်ဆင့် နှစ်ဖက်ညှိနှိုင်း အကြောင်းကြား သွားမည်ဖြစ် ကြောင်း သိရသည်။ **သတင်းစဉ်**

# သနပ်ပင်မြို့နယ်တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းအသိပညာပေး ဆောင်ရွက်

**သနပ်ပင် ဇွန် ၁၄**

ပဲခူးတိုင်း ဒေသကြီးအတွင်း ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍများ အဆင့်မြှင့်တင် နိုင်စေရေးတို့အတွက် တစ်မြို့နယ်လျှင် တစ်လ ကျေးရွာ ၁၀ ရွာ ကွင်းဆင်း၍ တောင်သူ အသိပညာပေး လုပ်ငန်းများကို ဆောင်ရွက်ရန် ပဲခူးတိုင်း ဒေသကြီး ဝန်ကြီးချုပ်၏ လမ်းညွှန်မှုနှင့်အညီ သနပ်ပင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် သနပ်ပင်မြို့နယ် အတွင်း စိုက်ပျိုးရေးနှင့်မွေးမြူရေး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ကွင်းဆင်းအသိပညာပေး ဆွေးနွေးခြင်းအား ယနေ့နံနက် ပိုင်းက ကျူးချောင်းကျေးရွာ နှင့် မင်းရွာကျောင်းစုကျေးရွာ တို့၌ ပြုလုပ်ကြသည်။



အဆိုပါ ဆွေးနွေးပွဲတွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လင်းထက်က ပဲခူးတိုင်း ဒေသကြီးအတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက် စေရေးအတွက် ပဲခူးတိုင်းဒေသ ကြီးအစိုးရအဖွဲ့မှ ကဏ္ဍအလိုက် ပံ့ပိုးဆောင်ရွက်နေမှု အခြေအနေ များကို ရှင်းလင်းပြောကြား ပြီး စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့် မှန်ကန်စွာ အသုံးပြုနိုင်ရေးနှင့် သီးနှံဖျက် ရွှေခရု ကာကွယ်နှိမ်နင်းရေး နည်းလမ်းများကို လည်းကောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မှ ဝင်ငွေပိုမိုရရှိစေသည့် တိုင်းရင်း ကြက် တိုးချဲ့မွေးမြူနိုင်ရေးနှင့် အာဟာရကြွယ်ဝသည့် တိရစ္ဆာန် အစားအစာ နေပီယာမြက် တိုးချဲ့ စိုက်ပျိုးနိုင်ရေးကို လည်း ကောင်း၊ စက်မှုလယ်ယာဦးစီး ဌာနမှ လက်ကိုင်ရှည် လက်တွန်း ထွန်စက် လူထိုင်စီးနောက်တွဲ ကိရိယာနှင့် ထွန်ယက်ခြင်းဖြင့် ပိုမိုအကျိုးကျေးဇူး ဖြစ်ထွန်းမှု အခြေအနေများကို လည်းကောင်း၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံ ခန့်ခွဲရေးဦးစီးဌာနမှ နွေစပါး တိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးမည့် အခြေအနေနှင့် ရေရရှိသည့်နေရာများတွင် မဖြစ် မနေ သုံးသီးစိုက်ပျိုးရေး ကိစ္စရပ် များကိုလည်းကောင်း ပညာပေး ဆွေးနွေးကြပြီး ဒေသခံပြည်သူ များက သိရှိလိုသည်များ မေးမြန်း ဆွေးနွေးမှုအပေါ် ပြန်လည် ရှင်းလင်းဆောင်ရွက်ခဲ့သည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ မိုးစပါးပျိုးမထောင်မီ မျိုးစေ့ဆောင် ရောဂါကင်းရှင်း စေရန် စပါးဆားရည်စိမ် နည်းလမ်းကို တောင်သူများအား လက်တွေ့ပြသ ဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။ (ဝဲပုံ)

**လှမိုး(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာ ဗီနေးကူးမားကို လက်ခံတွေ့ဆုံ



**နေပြည်တော် ဇွန် ၁၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ယနေ့နံနက် ၁၁ နာရီတွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာ ဗီနေးကူးမားကို နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။(ယာပုံ)

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား ဆောင်ရွက်လျက်ရှိသော စီမံကိန်းများ၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားရေးကိစ္စ၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်နှင့် အာဆီယံနှင့် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါမူများ လေးစားလိုက်နာသွားရေးတို့နှင့် ဆက်စပ်လျှင်း၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းအမှတ်စဉ် (၁) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၁၄**

နိုင်ငံ့ဝန်ထမ်း အကြီးအမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်း အမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဥပဒေရေးရာဝန်ကြီးဌာန မြေညီထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။(ယာပုံ)





သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦးက နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများသည် ဥပဒေပညာ အခြေခံဗဟုသုတများရှိရန် လိုအပ်သဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ဤသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာနသည် တရားမျှတမှုအတွက် ဥပဒေဝန်ဆောင်မှု မဟာဗျူဟာစီမံကိန်းနှင့်အညီ တရားဥပဒေစိုးမိုးရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုအနေဖြင့် ဝန်ကြီးဌာနအသီးသီးမှ အရာရှိများကိုလည်း ဥပဒေအသိပညာပြန့်ပွားရေးသင်တန်း အမျိုးမျိုးပို့ချပေးခြင်း၊ ဥပဒေစာအုပ်များ ထုတ်ဝေခြင်းများအပြင် ဥပဒေသုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဥပဒေစာတမ်းဖတ်ပွဲများ ကျင်းပခြင်းများ ဆောင်ရွက်နေသကဲ့သို့ ဥပဒေအသိပညာပြန့်ပွားရေးအတွက် မြန်မာ့ဥပဒေသတင်းအချက်အလက်စနစ်(MLIS) ကိုလည်း တည်ထောင်ထားပြီးဖြစ်ပါကြောင်း။

ယခုသင်တန်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာများ၊ ဥပဒေရေးဆွဲခြင်း၊ စီးပွားရေး စာချုပ်စာတမ်းများ စိစစ်ခြင်းနှင့် အပြည်ပြည်ဆိုင်ရာနှင့် အာဆီယံဥပဒေဆိုင်ရာများ၊ ပြစ်မှုဆိုင်ရာဥပဒေ၊ တရားမဥပဒေနှင့် အထူးနှင့် အထွေထွေဥပဒေများနှင့်စပ်လျှင်း၍ ဥပဒေအသိပညာများစွာရရှိစေရန် ကြိုးပမ်းစီစဉ်ဆောင်ရွက်ထားပါကြောင်း၊ သင်တန်းတွင် အတွေ့အကြုံများစွာရှိသည့် ဆရာကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ် ဥပဒေချုပ်များက ဆွေးနွေးပို့ချပေးမည်ဖြစ်ပါကြောင်း၊ သင်တန်းကို ရုံးချိန်ပြင်ပတွင် နံနက် ၇ နာရီခွဲမှ ၉ နာရီခွဲအထိ သင်ကြားပို့ချမည်ဖြစ်ပြီး ရက်သတ္တပတ် ရှစ်ပတ်ကြာပို့ချမည်ဖြစ်ကြောင်း၊ သင်တန်းတက်ရောက် ပြီးမြောက်ကြောင်း အသိအမှတ်ပြုလက်မှတ်(certificate) ပေးအပ်မည်ဖြစ်ကြောင်း၊ ဥပဒေပညာသင်တန်းကျောင်း ဆောက်လုပ်ပြီးစီးပါက ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းများ ယခုထက် အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ သင်တန်းတွင် ပို့ချမည့် ဥပဒေဗဟုသုတများကို သေချာစွာ လေ့လာသင်ယူပြီး နိုင်ငံတော်အတွက်၊ ဌာနအတွက်နှင့် လူမှုပတ်ဝန်းကျင်အတွက်ပါ ထိရောက်စွာ အသုံးချနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများအဖြစ် ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ စုစုပေါင်း ၂၆ ဦး တက်ရောက်ကြောင်း သိရသည်။

**သတင်းစဉ်**

❄ *ရှေ့ဖုံးမှ*

၃။ ယခုအချိန်အထိ ငြိမ်းချမ်းရေးလာရောက်ဆွေးနွေးမည့် အဖွဲ့ ၁၀ ဖွဲ့အနက် အဖွဲ့ ၆ ဖွဲ့မှ ငြိမ်းချမ်းရေးကိုယ်စားလှယ်များသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ကိုယ်တိုင်ကိုယ်ကျတွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ပြည်သူလူထုဆန္ဒနှင့် ကိုက်ညီသည့် ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဒေသခံများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေးနှင့် ဒေသတစ်ခုချင်းမှအစပြု၍ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး စုပေါင်းနေထိုင်လျက်ရှိသည့် အမိပြည်ထောင်စုနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရိုးသားပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးနိုင်ခဲ့ပြီး ငြိမ်းချမ်းရေးအတွက် အပြုသဘောဆောင်သည့်၊ ကောင်းမွန်သည့် တွေ့ဆုံဆွေးနွေးမှုရလဒ်များကို ဖော်ဆောင်နိုင်ခဲ့သည်။

၄။ ဆက်လက်၍ တွေ့ဆုံဆွေးနွေးရန်ကျန်ရှိသည့် အဖွဲ့ ၄ ဖွဲ့နှင့် ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆက်လက်တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ပြီး ပြည်ထောင်စုကြီးတစ်ရပ်လုံး ထာဝရငြိမ်းချမ်းရေးရရှိရေးကို ဦးတည်အကောင်အထည်ဖော်ဆောင်သွားမည်ဖြစ်သည်။

၅။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ခိုင်မြဲစွာ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

၆။ ယခုငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် တိုင်းပြည်၏ ပကတိအနေအထားနှင့် ကိုက်ညီပြီး ဖြစ်သင့်ဖြစ်ထိုက်သည်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တောင်းဆိုချက်များ၊ အမှန်တကယ်ဖြစ်နိုင်ဖွယ်ရှိသည်များ စသည်တို့ကို အသေးစိတ် အကျေအလည်ဆွေးနွေးအဖြေရှာ ဆောင်ရွက်သွားမည်ဖြစ်သည်။

၇။ သို့ဖြစ်ပါ၍ ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ ရောက်ရှိလာခြင်းမရှိသေးသည့် NCA လက်မှတ်ရေးထိုးပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ ရေးထိုးရခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် တိုင်းပြည်အကျိုး၊ ဒေသအကျိုးကို မြင်အောင်ကြည့်စေလိုပြီး ငြိမ်းချမ်းရေးဆွေးနွေးမှုများ ပြုလုပ်နိုင်ရန် ထပ်မံဖိတ်ခေါ်အပ်ပါသည်။ တက်ရောက်ဆွေးနွေးမည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အသီးသီးမှ ဥက္ကဋ္ဌ သို့မဟုတ် ကိုယ်စားအဆုံးအဖြတ်ပေးနိုင်မည့် ခေါင်းဆောင်နှင့် အဖွဲ့ဝင် ၂ ဦး၏ အမည်စာရင်းကို ၂၀၂၂ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့ နောက်ဆုံးထား၍ ပြန်ကြားပေးစေလိုကြောင်းနှင့် ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံပြီး ငြိမ်းချမ်းသည့် ပြည်ထောင်စုနိုင်ငံတော်ကြီးကို တည်ဆောက်နိုင်ရန်အတွက် ပြည်ထောင်စုသားအားလုံး၏အကျိုးကိုရှေးရှု၍ ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းနှိုးဆော်အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ကုလားတန်မြစ်(ကစ္ဆပနဒီမြစ်)သဘာဝရေပြင်အတွင်း ရေချိုပုစွန်သားပေါက်စိုက်ထည့်

**ကျောက်တော် ဇွန် ၁၄**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် ကျောက်တော်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ကုလားတန်မြစ် (ကစ္ဆပနဒီမြစ်) သဘာဝရေပြင်အတွင်း ရေချိုပုစွန်သားပေါက်စိုက်ထည့်ခြင်းကို ယမန်နေ့ ညနေ ၃ နာရီက အဆိုပါ မြစ်ကမ်းဘေး၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ငါးလုပ်ငန်းဦးစီးဌာန တာဝန်ခံ ဦးမောင်လှက ကုလားတန်မြစ် (ကစ္ဆပနဒီမြစ်) သဘာဝရေပြင်အတွင်း ဒေသရင်း ငါးသယံဇာတမျိုးစိတ်များ ရေရှည်တည်တံ့စေရေး၊ မျိုးသုဉ်းပျောက်ကွယ်မှုမရှိစေရေးနှင့် ငါးသယံဇာတများ ပြည့်မီစွာမျိုးပွားစေရေးတို့အတွက် ရည်ရွယ်ပြီး ပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကျောက်တော်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စွာညွန့်အား ခရိုင်တာဝန်ခံ ဦးမောင်လှက ရေချိုပုစွန် သားပေါက်များ ပေးအပ်သည်။ ဆက်လက်၍ ရေချိုပုစွန်သားပေါက် မျိုးစိုက်ထည့်ခြင်းကို ဆက်လက်ပြုလုပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ အဖွဲ့ဝင်များ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများနှင့် ရေလုပ်ငန်းရှင်များက ရေချိုပုစွန်သားပေါက်များအား မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၁၄**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တို့တွင် မိုးပိုလာနိုင်သည်။

**မိုး/ဇလ**

# စာဖတ်ရင်း တွေးကြမယ်

သိန်းထွန်း (IR)

**စိတ်၏ အာဟာရ**

စာဖတ်တဲ့အလေ့အကျင့်ဟာ ထူးခြားတဲ့အကျင့်တစ်ခုတော့ မဟုတ်ပါဘူး။ ကျောင်းနေတုန်းက စာဖတ်ခဲ့ကြ၊ စာကျက်ခဲ့ကြတာကအစ နောက်တော့ စာအုပ်၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်စတာတွေဖတ်ကြလို့ စာဖတ်တဲ့အကျင့်ဟာ ထူးခြားတဲ့ အကျင့် မဟုတ်ဘူးလို့ ဆိုတာပါ။ ဒါပေမယ့် ဘာအကြောင်းအရာတွေ ဖတ်သလဲ၊ ဘယ်လောက်များများဖတ်သလဲ၊ အချိန် ဘယ်လောက်ပေးသလဲနဲ့ ဘယ်လိုပုံစံနဲ့ဖတ်ပြီး ဘယ်လိုနားလည်လက်ခံကြသလဲဆိုရာမှာတော့ တစ်ယောက်နဲ့ တစ်ယောက် မတူတတ်ကြဘူး။

အဲဒီလို မတူကြတဲ့အတွက် စာဖတ်နေချိန်နဲ့ စာဖတ်ပြီးတဲ့နောက်ရလာတဲ့ အသိအမြင်၊ အယူအဆ၊ ထိရောက်မှုနဲ့ တုံ့ပြန်မှုတွေကတော့ ဖတ်လိုက်တဲ့ အကြောင်းအရာ၊ ဖတ်တဲ့နည်းလမ်းနဲ့ စဉ်းစားဆင်ခြင်မှုအပေါ်မူတည်ပြီး အကျိုးရလဒ်ကလည်း ကွဲပြားသွားပါတယ်။

စာတွေဖတ်တော့ ဖတ်ပါရဲ့ အကျိုးရလဒ်အားဖြင့် နည်းနေမယ်ဆိုရင် စာဖတ်တာကနေ ရမယ့် ဗဟုသုတနဲ့ အသိအမြင်တွေမှာ အကျိုးရှိသင့်သလောက်မရှိဘူးလို့ ဆိုရမယ်။ ဒီတော့ စာဖတ်တာကနေ အကျိုးရလဒ်များများရဖို့ဆိုရင် ဖတ်တဲ့ အကြောင်းအရာနဲ့ စာဖတ်တဲ့နည်းက အရေးပါလာပါတယ်။ ဘယ်လိုအကြောင်းအရာကို ရွေးဖတ်ကြမလဲဆိုတာကတော့ တစ်ပိုင်းပေါ့။

အခုရည်ရွယ်တာက စာဖတ်တဲ့နည်းလမ်းနဲ့ အကျိုးကျေးဇူးတွေကို ဖြစ်ပါတယ်။ လူတစ်ယောက် ကျန်းမာအသက်ရှည်ဖို့ ကိုယ်ကာယလေ့ကျင့်ခန်းတွေလုပ်ကြတယ်၊ ကောင်းနိုးရာရာ အစားအစာတွေ ရွေးစားကြတယ်၊ ရုပ်သွင်ပြင်လှပဖို့ပြင်ဆင်ကြတယ်။ ဒီလိုပဲ စိတ်နဲ့ အတွေးအခေါ်တွေ ကျန်းမာဖို့၊ မြင့်မားဖို့၊ ကျယ်ပြန့်ဖို့နဲ့ အတွေးအမြင်အသစ်တွေ ဖြန့်ကြက်ဖို့ဆိုရင်တော့ ထိရောက်တဲ့စာဖတ်နည်းက လိုအပ်ချက်တစ်ခုလို့ ဆိုနိုင်ပါတယ်။ အာဟာရဖြစ်တဲ့စာတွေ ရွေးဖတ်ကြမယ်၊ ဖတ်လိုက်တဲ့စာတွေကို ကျေကျေညက်ညက်ဝါးစားမယ်ဆိုရင် စိတ်နဲ့အတွေးအခေါ်တွေအတွက် အာဟာရတွေ ရရှိစေမှာပါ။

**စာဖတ်ခြင်း**

စာဖတ်ခြင်းဟာ စကားလုံးတွေအပေါ် လမ်းလျှောက်ခြင်း ဒါမှမဟုတ် ပျံသန်းခြင်း မဟုတ်ပါဘူး။ စာဖတ်ရတဲ့ ရည်ရွယ်ချက်တွေထဲမှာ ကိုယ်ဖတ်တဲ့ စာသားတွေနဲ့ ပါဝင်တဲ့အကြောင်းအရာတွေအကြား ဆက်နွယ်မှု၊ စာဖတ်သူရဲ့ ရည်ရွယ်ချက်နဲ့ စာသားတွေအကြား ဘယ်လိုဆက်စပ်နေလဲ ဆိုတာတွေကို ရှာဖွေဖော်ထုတ်ဖို့ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် စာရဲ့အနှစ်သာရတွေကို ရဖို့ဖြစ်ပါတယ်။ ဒီတော့ စာဖတ်တဲ့အခါ စာသားတွေကိုပဲ မရှုမြင်သင့်သလို စာသားတွေရဲ့ လွှမ်းမိုးခံရတာ မဖြစ်သင့်ပါဘူး။

ဆန်းစစ်သုံးသပ်ရမယ်၊ မေးခွန်းတွေမေးရမယ်၊ စဉ်းစားဆင်ခြင်ရမယ်ဆိုတဲ့ လုပ်ငန်းစဉ်တွေပါဝင်မှသာ ထိရောက်တဲ့စာဖတ်နည်းကို ရရှိနိုင်မှာဖြစ်ပါတယ်။ စာဖတ်ရာမှာ ဖတ်တဲ့အကြောင်းအရာအလိုက်လည်း ကွဲပြားတတ်ပါသေးတယ်။ အပျော်ဖတ်၊ အပျင်းပြေဖတ်တဲ့အခါမှာတော့ ပေါ့ပေါ့ပါးပါးပဲ ဖတ်ကြပါတယ်။ ဒါပေမယ့် ဘယ်လိုအကြောင်းအရာကိုပဲ ဖတ်ဖတ် ထိရောက်တဲ့စာဖတ်နည်းကို သိထားမယ်၊ အလေ့အကျင့်ရှိထားမယ်ဆိုရင် ဖတ်လိုက်တဲ့စာတွေကနေ ဆင်ခြင်တွေးခေါ်မှုဆိုင်ရာတွေ ရရှိနိုင်ပါတယ်။




**“ စာဖတ်ခြင်းကနေ သုတ၊ ရသနဲ့ အတွေးအမြင်ရတာအပြင် ဆက်ပြီး ဆင်ခြင်စဉ်းစားရတာ၊ ကောက်ချက်ချတာနဲ့ ဆင့်ပွားတာတွေ ဆက်ပြီးလုပ်ဆောင်မှ ဖတ်တဲ့စာရဲ့ အနှစ်သာရ၊ ရည်ရွယ်ချက်နဲ့ ကိုယ်ပိုင်အတွေးသစ်၊ အမြင်သစ်တွေကို ရနိုင်ပါတယ်။ ဒါကြောင့် စာဖတ်တဲ့နည်းလမ်းမတူကြရင် ဖတ်လိုက်တဲ့အကြောင်းအရာတစ်ခုတည်းကိုတောင်မှ စာဖတ်ပြီးတဲ့နောက် ထွက်လာတဲ့ရလဒ်က မတူညီတတ်ကြဘူး။ စာဖတ်သူရဲ့ တုံ့ပြန်မှုအလိုက် ကွဲပြားသွားတဲ့ သဘောပါပဲ။ ဒါကလည်း ထူးဆန်းတဲ့အရာတော့ မဟုတ်ပါဘူး။ တစ်ယောက်နဲ့ တစ်ယောက်ရဲ့ အတွေးတွေ၊ အမြင်တွေ၊ ဆန္ဒတွေ၊ အစွဲတွေ၊ နားလည်လက်ခံနိုင်စွမ်း၊ ပတ်ဝန်းကျင်ရဲ့ လွှမ်းမိုးမှုစတဲ့ အခြေအနေတွေက မတူတတ်ကြတော့ ရလဒ်မှာလည်း ကွဲပြားမှာပါပဲ ”**

**ရလဒ်ကွဲပြားတတ်**

စာဖတ်ခြင်းကနေ သုတ၊ ရသနဲ့ အတွေးအမြင်ရတာအပြင် ဆက်ပြီး ဆင်ခြင်စဉ်းစားရတာ၊ ကောက်ချက်ချတာနဲ့ ဆင့်ပွားတာတွေ ဆက်ပြီးလုပ်ဆောင်မှ ဖတ်တဲ့ စာရဲ့အနှစ်သာရ၊ ရည်ရွယ်ချက်နဲ့ ကိုယ်ပိုင် အတွေးသစ်၊ အမြင်သစ်တွေကို ရနိုင်ပါတယ်။ ဒါကြောင့် စာဖတ်တဲ့နည်းလမ်းမတူကြရင် ဖတ်လိုက်တဲ့ အကြောင်းအရာတစ်ခုတည်းကိုတောင်မှ စာဖတ်ပြီးတဲ့နောက် ထွက်လာတဲ့ရလဒ်က မတူညီတတ်ကြဘူး။ စာဖတ်သူရဲ့ တုံ့ပြန်မှုအလိုက် ကွဲပြားသွားတဲ့သဘောပါပဲ။ ဒါကလည်း ထူးဆန်းတဲ့အရာတော့ မဟုတ်ပါဘူး။ တစ်ယောက်နဲ့ တစ်ယောက်ရဲ့ အတွေးတွေ၊ အမြင်တွေ၊ ဆန္ဒတွေ၊ အစွဲတွေ၊ နားလည်လက်ခံနိုင်စွမ်း၊ ပတ်ဝန်းကျင်ရဲ့ လွှမ်းမိုးမှုစတဲ့ အခြေအနေတွေက မတူတတ်ကြတော့ ရလဒ်မှာလည်း ကွဲပြားမှာပါပဲ။ အကြောင်းအရာတူ စာသားတစ်ခုကို ဖတ်သူတွေရဲ့အခြေအနေအလိုက် တုံ့ပြန်မှုနဲ့ပတ်သက်လို့ ပုံပြင်တစ်ပုဒ်ကြားဖူးပါတယ်။ အားလုံးသိပြီးတဲ့ ပုံပြင်လေးပါ။

တစ်ခါက ရွာတစ်ရွာရဲ့အပြင်မှာ ဘယ်အချိန်ကတည်းက ရှိနေမှန်းမသိရတဲ့ ခုတ်လှဲထားတဲ့ အပင်ကြီးတစ်ပင်ရှိတယ်ဆိုပါတယ်။ တစ်နေ့တော့ အဲဒီအပင်ကြီးရဲ့ မျက်နှာစာတစ်ဖက်မှာ ၃၁ ဆိုတဲ့ စာတစ်ခုပေါ်လာတယ်တဲ့။ အဲဒီလို စာပေါ်လာတော့ ရွာထဲက လူတွေက လာဖတ်ကြရင်း တချို့က ၃၁ ဆိုတာ ၃၁ ဘုံကို ရည်ညွှန်းတာလို့ အဓိပ္ပာယ်ဖွင့်ကြတယ်။ သမိုင်းဆရာတစ်ယောက်ကတော့ ၃၁ ဆိုတာ ခုတ်လဲထားတဲ့ အပင်ကြီး ၁၉၃၁ ခုနှစ်ကတည်းက တည်ရှိတာကို ပြောတာလို့ ဆိုတယ်။ တစ်ယောက်က ကြပြန်တော့ သုံး-မကုန်စွဲမကုန် တစ်-ပြုံတစ်မကြီး ငွေဝင်အောင်ဆရာတစ်ပါးက စီရင်ထားတာလို့ ဆိုပြန်ရော။

နောက်တစ်ယောက်ကတော့ ၃၁ ဟာ ကက်ကင်းဖြစ်တယ်၊ ၃၁ ဟာ မကောင်းတဲ့နိမိတ် ၁၃ ကို ပြောင်းပြန်လှန်ထားတာတဲ့။ ဒီလိုနဲ့ တရားသမားကလည်း သူမြင်တဲ့အတိုင်းဆို၊ သမိုင်းဆရာကလည်း သမိုင်းအမြင်နဲ့ဖွင့်၊ မဟာဒ္ဓိသမားကလည်း သူ့အယူအဆနဲ့ သူ၊ ဗေဒင်သမားကလည်း အမြင်တစ်မျိုး၊ အယူသီးတဲ့သူမြင်တာကတော့ တစ်မျိုးတစ်ဘာသာ၊ တစ်ယောက်နဲ့တစ်ယောက် သူ့ကောက်ချက်နဲ့သူ ပြောဆိုနေတော့ ၃၁ ရဲ့အဖြေမရဘဲ အငြင်းပွားတာတွေ ဖြစ်လာပါတယ်။ အဲဒီလို တစ်ယောက်တစ်ပေါက် အငြင်းပွားနေတဲ့နေရာကို နွားကျောင်းသားတစ်ယောက်ရောက်လာပြီး လူရုတ်ရုတ်ဖြစ်နေလို့ မေးကြည့်ပါတယ်။

အငြင်းပွားနေသူတွေထဲက တစ်ယောက်က “ငါတို့ ဒီ ၃၁ စာကို ငြင်းနေကြတာ” လို့ ပြောလိုက်ပါတယ်။ နွားကျောင်းသားက “ဒီစာကို ကျုပ်ရေးထားတာ”၊ လူအုပ်ကြီးက “ဟာ ဒါဆို ဘာအဓိပ္ပာယ်လဲ၊ ဘယ်သူရေးခိုင်းတာလဲ အိပ်မက်အရလား၊ ဘိုးတော်ခိုင်းတာလား” ဆိုပြီး ဝိုင်းမေးကြပါလေရော။ နွားကျောင်းသားက “တစ်ခုမှ မဟုတ်ဘူး”၊ “ဒါဆိုဘာလဲ”၊ “၃၁ (သုံးတစ်) သစ်တုံးလို့ ရေးထားတာ” ပါတဲ့။ သစ်တုံးပုံပြင်လေးကတော့ ဒီလောက်ပါပဲ။

အဲဒီ ပုံပြင်က ရယ်စရာသဘော ဖတ်ရင်တော့ ရယ်စရာပုံပြင်ပါ။ ဒါပေမယ့် အကြောင်းအရာတူ စာတစ်ကြောင်းတစ်ကြောင်းကိုဖတ်ပြီး အဓိပ္ပာယ်ဖွင့်ဆိုရာမှာ တစ်ယောက်နဲ့တစ်ယောက် ဘာကြောင့်ကွဲပြားကြတာလဲဆိုတဲ့ အကြောင်းရင်းကို တွေ့နိုင်ပါတယ်။ စာသားကွက်ကွက်လေးကိုပဲ ကြည့်ပြီး ကိုယ့်ဆန္ဒစွဲနဲ့ ဖွင့်ဆိုလိုက်တဲ့အခါ ကျိုးကြောင်းဆီလျော်မှု၊ သုံးသပ်ချက်နဲ့ ကောက်ချက်တွေ လွဲချော်သွားတာကို တွေ့ရပါတယ်။ အဲဒီလိုပါပဲ စာအုပ်တစ်အုပ် ဒါမှမဟုတ် စာသားတစ်ကြောင်းဖတ်တာချင်းအတူတူ တစ်ဦးနဲ့တစ်ဦးရဲ့ အမြင်တွေ၊ အယူအဆတွေ၊ ကောက်ချက်ချတာတွေ မတူညီရတဲ့ အခြေခံအကြောင်းရင်းတွေထဲမှာ စာဖတ်သူရဲ့ လက်ခံဆင်ခြင်နိုင်မှုနဲ့ စာဖတ်တဲ့နည်းလမ်းဟာ အရေးကြီးတဲ့အချက်တစ်ခုအနေနဲ့ တွေ့ရပါတယ်။

**စာသားနောက်ကွယ်မှ**

ထိရောက်တဲ့ စာဖတ်နည်းဖြစ်ဖို့ဆိုရင် ဖတ်နေတဲ့စာသားကွက်ကွက်လေးအပေါ်မှာပဲ ရှုမြင်စဉ်းစားလို့ မပြည့်စုံနိုင်ပါဘူး။ ၃၁ ကို အဓိပ္ပာယ်ဖော်သလို ကိုယ်ဖတ်တဲ့စာသားကွက်ကွက်လေးကိုပဲ ကြည့်ပြီး ကိုယ့်ဆန္ဒစွဲနဲ့စဉ်းစားလိုက်တဲ့အခါ ပြည့်စုံတိကျတဲ့ သုံးသပ်မှုနဲ့ အဓိပ္ပာယ်ကနေ လွဲသွားသလိုပါပဲ။

ဒီတော့ ပြည့်စုံတဲ့နားလည်မှုရဖို့အတွက် စာဖတ်ရင်း စာရေးသူရဲ့ရည်ရွယ်ချက်၊ စာသားတွေနဲ့ သူရဲ့ ဆိုလိုရင်းတွေကို မေးခွန်းထုတ်ရတဲ့ လုပ်ငန်းစဉ်လည်း လိုအပ်ပါတယ်။ အတွေးနဲ့ စာဖတ်သူတစ်ဦးဟာ ရေးထားတဲ့စာသားတွေကို စဉ်းစားရုံတင်မကဘူး၊ အခြားသောစာဖတ်သူတွေရဲ့ အမြင်သဘောထားတွေကိုလည်း ထည့်သွင်းစဉ်းစားကြရပါတယ်။ ဒါမှ မတူညီတဲ့အမြင်နဲ့ ရှုထောင့်စုံကနေ အကဲဖြတ်နိုင်မှာ ဖြစ်ပါတယ်။ အခြားသူတွေရဲ့အမြင်တွေအပြင် စာရေးသူရဲ့ ရပ်တည်ချက်နဲ့ ရည်ရွယ်ချက်ကိုလည်း ထည့်သွင်းစဉ်းစားဖို့ လိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ စာရေးသူက ရည်ရွယ်ချက်တစ်ခုအတွက် စာသားတွေ ဖန်တီးထားလို့ပါပဲ။

စာရေးသူတွေဟာ အများအားဖြင့် စာဖတ်သူကို သတင်းမက်ဆေ့တွေပေးချင်ကြတဲ့အတွက် စာသားတွေနဲ့ ပုံဖော်ရေးသားကြပါတယ်။ စာဖတ်သူတွေဆီ သူတို့ ပေးချင်တဲ့မက်ဆေ့ကတော့ အမျိုးမျိုးရှိကြပါလိမ့်မယ်။ ဒါကြောင့် စာဖတ်ရာမှာ စာရေးသူရဲ့ အပိုင်းကိုလည်း ထည့်သွင်းစဉ်းစားနိုင်မယ်ဆိုရင် စာသားရဲ့ နောက်ကွယ်က ရည်ရွယ်ချက်နဲ့ အနှစ်သာရကို ဖမ်းယူနိုင်ဖို့ အထောက်အကူဖြစ်စေပါတယ်။ နောက်တစ်ခုက စာဖတ်တဲ့အခါ ဖတ်တဲ့ စာသား၊ စာရဲ့ရည်ရွယ်ချက်၊ နောက်ကွယ်က အတွေးအမြင်တွေရဖို့အပြင် ရလာတဲ့ သုတ၊ ရသနဲ့ အတွေးအမြင်တွေကို ကျိုးကြောင်းဆီလျော်မှုရှိ/မရှိ၊ သင့်/မသင့်၊ အကျိုးရှိ/မရှိ ချင့်ချိန်သုံးသပ်ပြီး ကောက်ချက်ချတာနဲ့ ကိုယ်ပိုင်ဆင့်ပွားတွေးခေါ်မှုတွေ ပြုလုပ်ခြင်းအားဖြင့် အမှား/အမှန် ဆင်ခြင်ဆုံးဖြတ်နိုင်စွမ်း၊ မတူညီတဲ့ အတွေးအခေါ်၊ အယူအဆနဲ့ အမြင်သစ်တွေကို ရရှိစေပါတယ်။

**နည်းလမ်းများ**

စာဖတ်တဲ့နည်းလမ်းကတော့ တစ်ဦးနဲ့တစ်ဦး အကြိုက်လည်း မတူနိုင်သလို အသုံးပြုပုံခြင်းလည်း မတူညီနိုင်ပါဘူး။ ကိုယ့်အကြိုက်နဲ့ကိုယ်၊ ကိုယ်နဲ့လိုက်ဖက်သလို အသုံးပြုကြပါတယ်။ အခြေအနေနဲ့ အချိန်အခါအလိုက်လည်း ပြောင်းလဲကျင့်သုံးတတ်ကြပါတယ်။ စာဖတ်တဲ့ နည်းလမ်းတွေထဲက တစ်ခုကတော့ စာရဲ့အဓိကဆိုလိုရင်းကိုရဖို့ စာကြောင်းတွေ၊ စာပိုဒ်တွေထဲကမှ ကောက်နုတ်ဖတ်ရှုတဲ့နည်းဖြစ်ပါတယ်။ အရေးကြီးတဲ့အပိုင်းကိုပဲ ဖတ်တဲ့သဘောဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ကိုယ်လိုချင်တဲ့ အချက်အလက်တွေရဖို့ စာကြောင်းတွေကို မြန်မြန်ဖတ်တဲ့နည်း ဖြစ်ပါတယ်။ လိုချင်တဲ့ အချက်အလက် ရှာဖွေတဲ့ သဘောပါ။

*စာမျက်နှာ ၁၁ သို့*

# အလုပ်သမားဝန်ကြီးဌာန မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**နေပြည်တော် ဇွန် ၁၄**

အလုပ်သမားဝန်ကြီးဌာန ၂၀၂၂ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင် စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ရုံးအမှတ် (၅၁) နှင့် လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်) တို့၌ ကျင်းပသည်။




အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်နှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများတွင် စိန်တစ်လုံးသရက်ပျိုးပင်များကို စိုက်ပျိုးပေးခဲ့ပြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် လူမှုဖူလုံရေးအဖွဲ့တို့မှ အရာထမ်း၊ အမှုထမ်းများက စိန်ပန်းပင် ၁၂၀၊ စိန်တစ်လုံးသရက် ၄၂ ပင် စုစုပေါင်း ၁၆၂ ပင်ကို စုပေါင်း စိုက်ပျိုးခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရုံးအမှတ် (၅၁)တွင် ပြည်ထောင်စုဝန်ကြီးရုံး အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာနနှင့် အလုပ်သမားရေးရာ ဆက်ဆံရေး ဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများက ရွှေသပြေ ၁၀၊ စိန်ပန်းပင် ၂၀၊ စိန်တစ်လုံးသရက် ၄၅ ပင်၊ တမာပင် ၂၀ စုစုပေါင်း ၉၅ ပင် စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ပြုလုပ်ခဲ့သည့် စုပေါင်းသစ်ပင် စိုက်ပျိုးပွဲများတွင် ရွှေသပြေ ၁၀၊ စိန်ပန်းပင် ၁၄၀၊ စိန်တစ်လုံး သရက် ၈၇ ပင်၊ တမာပင် ၂၀ စုစုပေါင်း ပျိုးပင် ၂၅၇ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀.၁၂.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **"ကုန်သွယ်မှုဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှုသတင်းများ"** နှင့် ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့်အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၁ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၆၉၉၆၁၁၁၆ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၇ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeoffice@gmail.com |

**တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ**

## ဗဟိုလေ့ကျင့်ရေးကျောင်း၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၁၄**

၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၇ နာရီက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ၅၁ ရပ်ကွက် မြဝတီမင်းကြီးလမ်း နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲသို့ ဗဟိုလေ့ကျင့်ရေးကျောင်း ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ အရာထမ်း / အမှုထမ်း ၈၃ ဦး၊ ငြိမ်းချမ်းရေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်ဆိုင်ရာ ခေါင်းဆောင်မှုသင်တန်း အမှတ်(၄)၊ စီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ်(၇၆)၊ အဆင့်မြင့်စက်ချုပ် နည်းပြသင်တန်းအမှတ်စဉ်(၄၀)၊ စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၁၁၀) သင်တန်းသား သင်တန်းသူ ၁၀၃ ဦး စုစုပေါင်း ၁၈၆ ဦးတို့က နှစ်ရှည်သီးနှံပင်များဖြစ်သော ရတနာတန်းဝင် ကျွန်းပင် ၂၀၊ ပိန္နဲပင် ၆၀၊ မာလကာပင်၂၀၊ မဲဇလီ ၃၅ပင်၊ ကင်ပွန်းချဉ် ၃၅ပင်၊ ပေါက်ပန်းဖြူပင် ၃၀၊ ဒန့်သလွန်ပင် ၂၀၊ သံပရာပင် ၄၀၊ သဘော်ပင် ၄၀ စသည့်ပျိုးပင်ပေါင်း ၃၀၀ တို့ကို သတ်မှတ်နေရာများတွင် စုပေါင်းစိုက်ပျိုးကြောင်း သိရသည်။

**သတင်းစဉ်**

## တေးသံသွင်းလုပ်ငန်းလုပ်ကိုင်သူများအား တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ်အသစ်ပြုလုပ်ရန်နှင့် သက်တမ်းတိုးလဲလှယ်ရန်အသိပေးကြေညာခြင်း

ပြန်ကြားရေးဝန်ကြီးဌာနသည် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ ၄ ပုဒ်မခွဲ(ဂ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ (၃၀-၃-၂၀၂၁)ရက်နေ့တွင် တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်၊ အမိန့်အမှတ် (၂/၂၀၂၁) ဖြင့် တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်များအား (၁)နှစ် သက်တမ်းဖြင့် ခွင့်ပြုပေးလျက်ရှိပါသည်။

မှတ်ပုံတင်လက်မှတ် သက်တမ်းကုန်ဆုံးပါက တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့်အမိန့် အခန်း(၂) အပိုဒ် ၁၁ နှင့် ၁၂ အရ သက်တမ်းကုန်ဆုံးသည့် ရက်မှစ၍ ရက်ပေါင်း (၃၀)ကြိုတင်ပြီး သတ်မှတ်ပုံစံနှင့်အတူ မှတ်ပုံတင်ကြေးကျပ် ၅၀၀၀/- (ကျပ်ငါးထောင်တိတိ) ပေးသွင်း၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းဖြစ်ပါက ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲသို့ လည်းကောင်း၊ အခြားတိုင်းဒေသကြီး/ပြည်နယ်များအတွင်းဖြစ်ပါက သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများမှတစ်ဆင့် ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲသို့လည်းကောင်း ဆက်သွယ်၍ တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးခြင်းများကို လာရောက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ်မရှိဘဲ လုပ်ငန်းလုပ်ကိုင်ခွင့်မရှိကြောင်း၊ သက်တမ်းကုန်လွန်သော လုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့် မရှိကြောင်း၊ သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ပါက တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့် အမိန့်အရ အရေးယူခံရမည်ဖြစ်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၁-၇၅၃၆၃၆၁ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

*စာမျက်နှာ ၁၀ မှ*

အကျယ်တဝင့်ဖတ်နည်းကတော့ အချိန်ပိုကုန်ပါတယ်။ စာကို တိတိကျကျသိရဖို့အသေးစိတ်ဖတ်ခြင်းဖြစ်ပါတယ်။ စာလုံးတိုင်းရဲ့အဓိပ္ပာယ်ကို နားလည်ဖို့ ဖတ်တဲ့နည်းဖြစ်ပါတယ်။

ပေါ့ပေါ့ပါးပါးဖတ်တဲ့နည်းလမ်းက တိကျမှုနည်းပြီး ခပ်သွက်သွက်ဖတ်ရာမှာ သုံးကြပါတယ်။ အပျော်ဖတ်စာတွေဖတ်ရင် သုံးတဲ့နည်းလမ်းတစ်ခုပါ။ ထိရောက်တဲ့ စာဖတ်နည်းတွေထဲမှာ နက်နက်ရှိုင်းရှိုင်းဖတ်တဲ့ Deep Reading နည်းလမ်းပါဝင်ပါတယ်။ နက်နက်ရှိုင်းရှိုင်းဖတ်တဲ့ နည်းကတော့ ချင့်ချိန်စဉ်းစားပြီး ဖတ်တဲ့နည်းလမ်းတစ်ခု ဖြစ်ပါတယ်။ အဲဒီဖတ်နည်းကတော့ အာရုံစိုက်ပြီး စဉ်းစားဖတ်ရှုတာဖြစ်လို့ နှေးပါတယ်။ Deep Reading အလေ့အကျင့်တွေကတစ်ဆင့် အခြားကျွမ်းကျင်မှုတွေကို တိုးတက်စေနိုင်ပါတယ်။

လူတိုင်း စာတွေ နေ့စဉ်ဖတ်နေကြရာမှာ ထိရောက်တဲ့ စာဖတ်နည်းတစ်ခုကတော့ ပိုင်းခြားဝေဖန်စာဖတ်တဲ့နည်းလမ်းဖြစ်ပါတယ်။ Critical Reading ကတော့ စာသားတွေရဲ့ ဆိုလိုရင်းကို နားလည်ဖို့နဲ့ တင်ပြချက်တွေကို အကဲဖြတ်ဖို့အတွက် ပိုင်းခြားဝေဖန်ပြီးဖတ်တဲ့ နည်းလမ်းဖြစ်ပါတယ်။ ပိုင်းခြားဝေဖန်စာဖတ်ခြင်းဟာ စာသားတွေအပြင် အဲဒီ စာသားနောက်ကွယ်က သွယ်ဝိုက်ထားတဲ့ အကြောင်းအရာနဲ့ အတွေးအမြင်တွေကိုပါ ဝေဖန်ဆန်းစစ်လိုတဲ့ ရည်ရွယ်ချက်နဲ့ဖတ်ရှုခြင်း ဖြစ်ပါတယ်။ ဖတ်တဲ့စာသားကို အပြည့်အဝနားလည်ဖို့နဲ့ သူ့ရဲ့အနှစ်သာရကို မြင်နိုင်ဖို့ စာသားတွေကို ဂရုတစိုက်ဖတ်ပြီး ချဲ့ထွင်စဉ်းစားဖို့ ဖြစ်ပါတယ်။ ဒီနည်းလမ်းဟာ စာဖတ်တဲ့နေရာမှာ ထိရောက်ရုံတင်မကပါဘူး။ အမှားအမှန် ချင့်ချိန်ဆုံးဖြတ်နိုင်စွမ်း၊ ကိုယ်ပိုင်တွေးခေါ်နိုင်စွမ်းတွေကိုလည်း တိုးတက်စေနိုင်ပါတယ်။

**ပြုံစုပျိုးထောင်**

စာဖတ်ရင်း တွေးကြမယ်ဆိုတော့ ဆရာလူထုဦးလှရဲ့ ကျောင်းကန်အနီးမှ မြန်မာပုံပြင်များ (ပထမတွဲ) စာအုပ်ထဲက ပုံပြင်တစ်ပုဒ်ကို အမှတ်ရမိပါတယ်။ တစ်ခါက ဘုန်းကြီးတစ်ပါးဟာ ကိုရင်ကြီးတစ်ပါးကို သဒ္ဒါ၊ သင်္ဂြိုဟ်၊ စာဝါတွေ ပို့ချပေးနေစဉ်မှာ နည်းပေးလမ်းပြအနေနဲ့ "စာဆိုတာ ကြံရတယ်ကွ၊ ကြံမှသာ စာရဲ့နက်နဲမှုအဓိပ္ပာယ်ဟာ ပေါ်လွင်ထင်မြင်လာပြီး မေ့ပျောက်မသွားနိုင်တာ" လို့ ဆုံးမစကား ပြောကြားလိုက်တာပါတယ်။ နောက်တော့ ကိုရင်ကြီးဟာ ညအချိန် လသာသာမှာ ထိုင်ခုံပေါ် ထိုင်ပြီး ကြယ်တွေကို ကြည့်နေတာကို ဘုန်းကြီးက တွေ့တော့ "ဟဲ့ ကိုရင်ကြီး ဘာများ စိတ်ကူးနေသလဲ" လို့ မေးလိုက်ပါတယ်။ ကိုရင်ကြီးက "စာကြံနေတာပါ ဘုရား" လို့ ပြန်လျှောက်ပါတယ်။

"ဘာ စာတွေများ ကြံနေသလဲ" လို့ ထပ်မေးလိုက်တဲ့အခါ ကိုရင်ကြီးက "အထက်မိုးပေါ်က ကြယ်တွေဟာ ဘယ်များ ချေးယိုချပါလိမ့်လို့ ကြံနေပါတယ်ဘုရား" လို့လျှောက်လိုက်တော့ ဆရာဘုန်းတော်ကြီးလည်း ဒေါသဖြစ်တာထက် ရယ်ပြုံးလိုစိတ်က ပိုများပြီး "တယ် စာကြံကောင်းတဲ့ ကိုရင်ကြီးပဲ" လို့ ညည်းညူလိုက်တယ်လို့ ဆိုပါတယ်။

ပုံပြင်ထဲကလိုပါပဲ။ စာဖတ်ရင်း တွေးတောဆင်ခြင်တဲ့အကျင့်ရဖို့ဟာ ပြောရတာတော့ လွယ်ပါတယ်။ လက်တွေ့လုပ်နိုင်ဖို့ဆိုရင် အလေ့အကျင့် လုပ်ယူရပါတယ်။ အလေ့အကျင့်ကနေ အလေ့အထတစ်ခုဖြစ်လာရင် စာဖတ်ရင်း အလိုလိုတွေးတဲ့ အကျင့်ရနိုင်ပါတယ်။ အသိအမြင် ပြောင်းလဲလိုသူတွေ၊ ကိုယ်ရည်ကိုယ်သွေးမြှင့်တင်လိုသူတွေနဲ့ ပိုင်းခြားဝေဖန်စဉ်းစားမှု တိုးတက်လိုသူတိုင်းအတွက် ထိရောက်တဲ့ စာဖတ်ခြင်းက အကျိုးရှိတဲ့နည်းလမ်းတစ်ခုဖြစ်ပါတယ်။ ဒါကြောင့် စာပေတွေဖတ်ရင်း ဗဟုသုတတွေအပြင် မှန်ကန်တဲ့သုံးသပ်မှုတွေရဖို့နဲ့ အတွေးသစ်၊ အမြင်သစ်တွေ ရဖို့ဆိုရင် ဖတ်ရင်းတွေး၊ တွေးရင်း ဖတ်တဲ့နည်းလမ်းက စာဖတ်သူတွေအတွက် အကျိုးရှိစေမယ့် နည်းလမ်းတစ်ခုဖြစ်ပါတယ်။

**ကိုးကား**

လူထုဦးလှ၊ ကျောင်းကန်အနီးမှ မြန်မာပုံပြင်များ (ပထမတွဲ)

# ဘေးအန္တရာယ်လျော့ပါးသက်သာစေရေး ဆန်းစစ်မှုဆိုင်ရာ သတင်းအချက်အလက်များနှင့် မိုးလေဝသဆိုင်ရာ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ဆောလျင်စွာ ရရှိနိုင်ရန်လိုအပ်



**နေပြည်တော် ဇွန် ၁၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် မိုးလေဝသခန့်မှန်းချက်များနှင့် ကြိုတင်သတိပေးချက်များအပေါ် သိမြင်နားလည်မှု စွမ်းဆောင်ရည်မြှင့်တင်ခြင်း (Capacity Building Training for Forecast Translation) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က မြန်မာနိုင်ငံသည် ပထဝီဝင်တည်နေရာ ရေမြေအနေအထားတို့အရ ရာသီဥတုနှင့်ဆက်စပ်သည့် သဘာဝဘေးအန္တရာယ် အများဆုံးဖြစ်ပေါ် ခံစားရသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ နွေ၊ မိုး၊ ဆောင်း ဥတုသုံးပါးအနက် မိုးကာလသည် သဘာဝဘေး ပိုမိုဖြစ်ပွားလေ့ရှိပါကြောင်း၊ ဘေးအန္တရာယ်များ၏ သဘောသဘာဝအရ မဖြစ်ပွားစေရေး တားဆီး၍ မရနိုင်သော်လည်း ဘေးအန္တရာယ်များ၏ သက်ရောက်မှုကြောင့် ထိခိုက်ဆုံးရှုံးမှုများမှ လျော့နည်းစေရန် ကြိုတင်ပြင်ဆင်ရေး၊ ကြိုတင်ကာကွယ်ရေး၊ ဘေးလျော့ပါးရေးစသော နည်းလမ်းများဖြင့် စီမံဆောင်ရွက်ကြရပါကြောင်း၊ ကြိုတင်ပြင်ဆင်ရေးနည်းလမ်းသည် အဓိကကျသော လုပ်ငန်းကဏ္ဍတစ်ခုဖြစ်ပါကြောင်း၊ ကြိုတင်ပြင်ဆင်မှု အားကောင်းနိုင်စေရေးအတွက် ဘေးအန္တရာယ် လျော့ပါးသက်သာစေရေး ဆန်းစစ်မှုဆိုင်ရာ သတင်းအချက်အလက်များနှင့် မိုးလေဝသဆိုင်ရာ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ဆောလျင်စွာ ရရှိနိုင်ရန် လိုအပ်သကဲ့သို့ ရရှိထားသော သတင်းအချက်အလက်များအပေါ် အများပြည်သူ အလွယ်တကူ သဘောပေါက် သိမြင်နားလည်နိုင်ရေး ဖော်ပြရေးသားပြောဆိုနိုင်ရန်လည်း အရေးကြီးပါကြောင်း။

ယခု သင်တန်းဖွင့်လှစ်ခြင်းသည် လူ့စွမ်းအားအရင်းအမြစ်အတွက် များစွာအကျိုးရှိပါကြောင်း၊ သင်တန်းတက်ရောက်ကြသည့် သင်တန်းသားများအနေဖြင့် ယခုသင်တန်းတွင် ပို့ချမည့်ဘာသာရပ်ဆိုင်ရာ အခြေခံဗဟုသုတများကို ဂရုတစိုက် လေ့လာကြပါရန်နှင့် တာဝန်ကျရာ ဒေသများအလိုက် ဖြစ်ပွားလေ့ရှိသော ဘေးအမျိုးအစားများနှင့် ပတ်သက်ပြီး သိသင့်သိထိုက်သည်များကို ပို့ချပေးမည့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များထံမှ သေချာစွာ ကြိုးစားလေ့လာမှတ်သားကြရန် မှာကြားလိုပါကြောင်း၊ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်သည့် ကြိုတင်သတိပေးခြင်းလုပ်ငန်းများတွင် ဦးစီးဌာန အချင်းချင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှု ယခုထက် ပိုမိုတိုးတက်လုပ်ဆောင်နိုင်ကြရန်လည်း မျှော်မှန်းထားပါကြောင်း ပြောကြားသည်။

သင်တန်းသို့ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနရုံးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ အရာထမ်း/အမှုထမ်း ၂၈ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ဇွန် ၁၄ ရက်မှ ၁၅ ရက်အထိ နှစ်ရက်တာ ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# လှည်းကူးမြို့နယ် ညောင်နှစ်ပင် အမျိုးသားညီလာခံ ပြည်ထောင်စုခန်းမ ပြင်ဆင်ထိန်းသိမ်းနေမှုကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁၄**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ညောင်နှစ်ပင် ကျေးရွာအနီး အမျိုးသားညီလာခံ ပြည်ထောင်စုခန်းမသို့ သွားရောက်သည့် အမှတ်(၁) ခရိုင်ချင်းဆက်လမ်းမိုင် (၀/၀) မှ မိုင်(၅/၇) အတွင်း လမ်းပြုပြင်နေမှုနှင့် ကျောက်ချောလမ်း ဖောက်လုပ်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လုပ်သားအင်အား ဖြန့်ခွဲတာဝန်ပေးမှု စနစ်တကျ စီမံဆောင်ရွက်ရန်၊ စက်ယာဉ်ယန္တရားများ ထပ်မံဖြည့်ဆည်း ဆောင်ရွက်ရန်၊ လမ်းဘေးဝဲယာ ကျူးကျော်တဲများ ရှင်းလင်းရန်၊ လမ်းနယ်နိမိတ်နှင့် မလွတ်ကင်းသည့် ချုံနွယ်သစ်ကိုင်းများ ရှင်းလင်း၍ လမ်းအလင်းဖွင့်ရန်၊ လမ်းပြုပြင်ဆောင်ရွက်နေစဉ် ဂဝံသယ်ယာဉ်များ သွားလာမှုကို ခေတ္တဆိုင်းငံ့ထားရှိရန်အတွက် ကန့်သတ်တိုင်များ စိုက်ထူထားရှိရန်နှင့် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး ဂရုပြုရန်မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မှော်ဘီမြို့နယ် ဆတ်သွားတော – ညောင်နှစ်ပင် လမ်းကို ၁၈ ပေ အကျယ်ချဲ့ခြင်း၊ လမ်းပခုံးပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ညောင်နှစ်ပင် အမျိုးသားညီလာခံ ပြည်ထောင်စုခန်းမ အဝင်မြေသားလမ်း အမာခံ လမ်းဖောက်လုပ်နေမှုကို လမ်းတစ်လျှောက် လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် အမျိုးသားညီလာခံ ပြည်ထောင်စုခန်းမ ပြင်ဆင် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပြင်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆောက်အဦ ဦးစီးဌာန အနေဖြင့် မူလပုံစံမပျက် ဆောင်ရွက်ရန်လိုကြောင်း၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနအနေဖြင့် ထိန်းသိမ်းခြင်း လုပ်ငန်းကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းမည့် စီမံချက်ရေးဆွဲဆောင်ရွက်ရန်လိုကြောင်း၊ မြေဧရိယာပိုင်ဆိုင်မှုကို ပြန်လည်တိုင်းတာ သတ်မှတ်ပြီး မြေပုံပြန်ထုတ်နိုင်ရန်အတွက်လည်း ဌာနဆိုင်ရာအချင်းချင်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန် – မန္တလေး အမြန်လမ်းတစ်လျှောက် (ရန်ကုန် – နေပြည်တော်) လမ်းပိုင်းကို ကြည့်ရှုစစ်ဆေးပြီး မိုင်(၂၀၄/၀) နှင့် (၂၀၄/၁) ကြားမှတစ်ဆင့် နေပြည်တော်ကောင်စီ ဒက္ခိဏသီရိမြို့နယ် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အဝင်လမ်း လမ်းအူကြောင်း ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လမ်းလယ်ကျွန်းများ ဆောင်ရွက်ရာတွင် ဂငယ်ကွေ့များကို ဘေးကင်းမှုနှင့် အန္တရာယ်မရှိစေရေးအတွက် ထည့်သွင်းစဉ်းစား ဆောင်ရွက်ရန်၊ မြေသားလုပ်ငန်း၊ ကျောက်စီမြေထိန်းနံရံ ဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်ချိန် ပြီးစီးရေးအတွက် ကာယလုပ်သား၊ စက်ယာဉ်ယန္တရားများကို စနစ်တကျ တာဝန်ခွဲဝေ ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မုန်တိုင်းနှင့်ပတ်သက်သော အရောင်အဆင့် သတ်မှတ်ချက်များ

### အဝါရောင်အဆင့်

အဝါရောင်အဆင့်သည် ဘင်္ဂလားပင်လယ်အော်၊ ကပ္ပလီပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်နေပြီး မုန်တိုင်း၏အခြေအနေကို သတိထားနိုင်ရန်။

### လိမ္မော်ရောင်အဆင့်

လိမ္မော်ရောင်အဆင့်သည် ကမ်းရိုးတန်းသို့ဦးတည်နေပြီး မုန်တိုင်းသည် မိမိနေထိုင်ရာဒေသသို့ ဦးတည်ရွေ့လျားသည်ဟု သတင်းရရှိပါက မုန်တိုင်း၏ပြောင်းလဲမှုကို အထူးသတိထားစောင့်ကြည့်နိုင်ရန်။

### အနီရောင်အဆင့်

အနီရောင်အဆင့်သည် ကမ်းရိုးတန်းသို့ ၁၂ နာရီနောက်ပိုင်း မုန်တိုင်းရောက်ရှိလာမည်ဖြစ်ပြီး အန္တရာယ်ရှိနိုင်သဖြင့် လုံခြုံစိတ်ချရသည့် နေရာများသို့ ပြောင်းရွှေ့နေရာယူရန်။

### အညိုရောင်အဆင့်

အညို ရောင်အဆင့်သည် မုန်တိုင်းအန္တရာယ်ကျရောက်နေချိန်ဖြစ်ပြီး လုံခြုံစိတ်ချရသည့် နေရာတွင် ခိုလှုံပြီးစီးရန်။

### အစိမ်းရောင်အဆင့်

အစိမ်းရောင်အဆင့်သည် မုန်တိုင်းအားပျော့ ပျက်ပြယ်သွားပြီဖြစ်ပြီး မိမိတို့၏ နေအိမ်များသို့ ပြန်နိုင်သောအခြေအနေဖြစ်ကြောင်း သတ်မှတ်ထားပါသည်။

# (၁၁)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာ မသန်စွမ်းသူများ ပြေးခုန်ပစ်အားကစားနည်းဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် ဇွန် ၁၄**

အင်ဒိုနီးရှားနိုင်ငံကအိမ်ရှင်အဖြစ် ၂၀၂၂ ခုနှစ် ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၆ ရက်အထိ ကျင်းပမည့် (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမသန်စွမ်းသူများက ပြေးခုန်ပစ်အားကစားနည်းဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ “ပြေးခုန်ပစ်မသန်စွမ်းအားကစားနည်းမှာ လူကောင်းတွေလို မဟုတ်ဘူး။ ဆေး၊ ဆေးအဆင့်ရှိတယ်။ တစ်ဦးကို သုံးမျိုးပြိုင်ခွင့်ရှိတယ်။ ပြိုင်ပွဲအခြေအနေပေါ်မူတည်ပြီး သံလုံး၊ သံပြား၊ လှံတံပစ်၊ သုံးမျိုးပြိုင်ဖို့ ရည်မှန်းထားပါတယ်။ အဓိကယှဉ်ပြိုင်ရမှာက ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နိုင်ငံတို့ဖြစ်ပါတယ်” ဟု နည်းပြချုပ်ဦးအောင်သူထွန်းကပြောသည်။

အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမသန်စွမ်းသူများက ပြေးခုန်ပစ်အားကစားနည်းတွင် သံလုံးပစ်၊ သံပြားပစ်၊ လှံတံပစ်၊ မီတာ ၁၀၀၊ ၂၀၀၊ ၄၀၀၊ ၈၀၀၊ ၁၅၀၀ နှင့် မီတာ ၅၀၀၀ ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**

## ထိုင်းကာကွယ်ရေးတပ်များ ခေတ်မီရေး ကန်ကူညီပေးလို

**ဘန်ကောက် ဇွန် ၁၄**

အမေရိကန်ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာနှင့် ဇွန် ၁၃ ရက်တွင် တွေ့ဆုံခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

အဆိုပါတွေ့ဆုံမှုတွင် တောင်တရုတ်ပင်လယ် အရေးအပါအဝင် ဒေသတွင်းလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့် နှစ်နိုင်ငံဆက်ဆံရေးကို မည်သို့ ခိုင်မာအောင် လုပ်ဆောင်မည်ဆိုသည့်အပေါ် အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြောင်း သိရသည်။ အော်စတင်က အမေရိကန်အနေဖြင့် ထိုင်းကာကွယ်ရေးတပ်များ ခေတ်မီရေးနှင့်ပတ်သက်ပြီး ကူညီထောက်ပံ့ပေးလိုကြောင်း အလေးပေးပြောကြားသည်။

ထို့အပြင် လာမည့်နှစ်၌ ကော်ဘရာဂိုးလ်စစ်ရေးလေ့ကျင့်မှုကို အင်အားအပြည့်ဖြင့် ပြန်လည်စတင်ရန်လည်း ဆွေးနွေးခဲ့ကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လွန်ခဲ့သည့်နှစ်နှစ်အတွင်း ကော်ဘရာဂိုးလ်ပူးတွဲစစ်ရေးလေ့ကျင့်မှုကို အင်အားလျှော့ချခဲ့ရကြောင်း သိရသည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီးသည် ထိုင်းနိုင်ငံသို့ မလာရောက်မီ စင်ကာပူနိုင်ငံတွင် ပြုလုပ်သည့် ရှန်ဂရီလာလုံခြုံရေးဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**



အမေရိကန်ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်နှင့် ထိုင်းဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာတို့ တွေ့ဆုံစဉ်။

## အမေရိကန် ကျန်းမာရေးဝန်ကြီး တစ်လအတွင်းနှစ်ကြိမ်မြောက် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရ


တစ်လအတွင်း နှစ်ကြိမ်မြောက် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားခဲ့သော အမေရိကန်ကျန်းမာရေးဝန်ကြီး ဇာဗီရာ ဘီကာရာ။

**ဝါရှင်တန် ဇွန် ၁၄**

အမေရိကန် ကျန်းမာရေးနှင့်လူသားအကျိုးပြုဝန်ဆောင်မှု (အိတ်ချ်အိတ်ချ်အက်စ်) ဝန်ကြီး ဇာဗီရာ ဘီကာရာသည် ဇွန် ၁၂ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရကြောင်း၊ အဆိုပါ ကူးစက်ခံရမှုသည် တစ်လအတွင်း နှစ်ကြိမ်မြောက် ကူးစက်ခံရခြင်းဖြစ်ကြောင်း သိရသည်။

ဘီကာရာသည် ကယ်လီဖိုးနီးယားပြည်နယ် ဆာခရမ်မန်တို၌ အေအာရ်တီနည်းဖြင့် ကိုဗစ်-၁၉ ရောဂါပိုး ရှိ မရှိ စမ်းသပ်စစ်ဆေးခဲ့ရာ ပိုးတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း အိတ်ချ်အိတ်ချ်အက်စ်မှ ပြောရေးဆိုခွင့်ရှိသူ ဆာရာ လိုဗန်ဟီးမ်က ပြောသည်။

ဘီကာရာသည် ကိုဗစ်-၁၉ ကာကွယ်ဆေးကို အပြည့်အဝထိုးနှံထားကြောင်း၊ ထို့အပြင် အပိုဆောင်းထိုးဆေးလည်း ထိုးနှံထားကြောင်း၊ မပြင်းထန်သော ရောဂါလက္ခဏာတွေ့ရှိရကြောင်း၊ သီးသန့်ခွဲခြားနေထိုင်ကာ ၎င်း၏ လုပ်ငန်းတာဝန်များကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း လိုဗန်ဟီးမ်က ပြောသည်။ အသက် ၆၄ နှစ်အရွယ်ရှိ ဘီကာရာ၏ ယခင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုသည် မေလအလယ်တွင်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

## တောင်အာဖရိကနိုင်ငံ၌ မိုးခေါင်၍ ရေလှောင်ကန်များ ခန်းခြောက်

**ကိတ်တောင်း ဇွန် ၁၄**

တောင်အာဖရိကနိုင်ငံသည် မိုးခေါင်မှုဒဏ်ကို ခါးစည်းခံနေရသည့်အပြင် ပြည်တွင်းရေလှောင်ကန်များလည်း ခြောက်သွေ့လာသည့်အတွက် ဇွန် ၁၃ ရက်မှစတင်ကာ မြို့နယ်အများအပြားတွင် ရေသုံးစွဲမှုကို လျှော့ချလိုက်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

ဇွန် ၁၃ ရက်မှ စတင်ကာ မြို့နယ်များ၌ နေ့စဉ်ရေသုံးစွဲမှု ခြောက်နာရီကြာ ဖြတ်တောက်သွားမည်ဖြစ်ကြောင်း သိရသည်။ ဒေသတွင်း ရေလှောင်ကန် တစ်ခုဖြစ်သည့် အင်ပိုဖူရေလှောင်ကန် ခန်းခြောက်ပြီးနောက် အဆိုပါ ရေခွဲတမ်း ထွက်ပေါ်လာခြင်းဖြစ်သည်။


တောင်အာဖရိကတွင် မိုးခေါင်ရေရှားဖြစ်ပွားနေသည့်အတွက် မြေဆီလွှာများ ကွဲအက်နေမှုကို တွေ့ရစဉ်။

အဆိုပါ ဖြတ်တောက်ခံထားရသော မြို့နယ်များသည် ရေမျက်နှာပြင် ၁၀ ရာခိုင်နှုန်းအောက်ရောက်နေသော ချာချီလ်ရေလှောင်တမံကို အလုံးစုံမှီခိုအားထားနေရပြီ ဖြစ်ကြောင်း၊ ထို့အပြင် မိုးမရွာခဲ့ပါက အဆိုပါ ချာချီလ် ရေလှောင်တမံသည် ရက်သတ္တ သုံးပတ်အကြာတွင် ခန်းခြောက် သွားနိုင်သည်ဟု ခန့်မှန်းထားကြောင်း သိရသည်။ **ဆင်ဟွာ**

## ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၅၆ ဦး ထပ်မံတွေ့ရှိ

**ဟနွိုင်း ဇွန် ၁၄**

ဗီယက်နမ်နိုင်ငံ၌ ဇွန် ၁၄ ရက်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၅၆ ဦးထပ်မံတွေ့ရှိပြီး ဇွန် ၁၃ ရက်ကထက် ၂၃၉ ဦး တိုးလာကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ ထပ်မံကူးစက်ခံရသူများသည် ပြည်တွင်းကူးစက်မှုများဖြစ်ကြောင်း သိရသည်။ ဗီယက်နမ်နိုင်ငံ၏ မြို့တော်ဟနွိုင်းသည် ဇွန် ၁၄ ရက်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၅၁ ဦး ထပ်မံတွေ့ရှိသည့်အတွက် ကိုဗစ် -၁၉ ရောဂါကူးစက်ပြန့်ပွားရာ အချက်အချာနေရာအဖြစ် ဆက်လက်ရှိနေသေးသည်။

ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူများအပါအဝင် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၁၀၇၃၃၂၅၈ ဦးအထိ ရှိလာပြီဖြစ်သည်။ **ဆင်ဟွာ**

## အစ္စရေးမြောက်ပိုင်း၌ လွန်ခဲ့သည့် နှစ်ပေါင်းရှစ်သိန်းက မီးအသုံးပြုမှုသဲလွန်စများ သုတေသီများ တွေ့ရှိ

**ဂျေရုဆလင် ဇွန် ၁၄**

အစ္စရေးသုတေသီများသည် ဝေဇ်မန်းသိပ္ပံအဖွဲ့အစည်း (ဒဗလျူအိုင်အက်စ်) မှ ဉာဏ်ရည်တုနည်းပညာ (အေအိုင်) ကို အသုံးပြုကာ လွန်ခဲ့သောနှစ်ပေါင်း ၈၀၀၀၀၀ ခန့် က မီးအသုံးပြုမှုသဲလွန်စများကို ရှာဖွေတွေ့ရှိကြောင်း ဇွန် ၁၃ ရက် တွင် ပြောသည်။

အဆင့်မြင့်ဉာဏ်ရည်တုနည်းပညာကို အသုံးပြုပြီး ဒဗလျူအိုင်အက်စ်သုတေသီများနှင့် ၎င်း၏ လုပ်ဖော်ကိုင်ဖက်များသည် ရှေးလူတူပရိုင်းမိတ်မျိုးရင်းစုများ၏ မီးအသုံးပြုမှုအတွက် အစောဆုံးအထောက်အထား အပိုင်းအစများထဲမှတစ်ခုကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဇွန် ၁၃ ရက်က ပီအင်န်အေအက်စ်ဂျာနယ်တွင် ထည့်သွင်းဖော်ပြထားသော အဆိုပါ အထောက်အထားသည် အစ္စရေးမြောက်ပိုင်း ဂါလီလီဒေသတွင် လဟာပြင် ရှေးဟောင်း သုတေသနနေရာတစ်ခုရှိ အီဗရွန်ကာရီ၌ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ နေရာ၌ ယခင်တူးဖော်တွေ့ရှိမှုများသည် လွန်ခဲ့သည့်နှစ် ၈၀၀၀၀၀ နှင့် နှစ်တစ်သန်းကြားတွင် တိရစ္ဆာန်ကျောက်ဖြစ်ရုပ်ကြွင်းများနှင့် ကျောက်ခေတ်ဟောင်း ကိရိယာတန်ဆာပလာများစွာကို တွေ့ရှိခဲ့ကြောင်း သိရသည်။

တိကျသော ဉာဏ်ရည်တုနည်းပညာကို အသုံးပြုကာ သုတေသီများသည် အဆိုပါနေရာ၌တွေ့ရှိသော မီးကျောက် ၂၆ ခု၏ အပူဒဏ်ကို အပူချိန်အမျိုးမျိုးပေးကာ ချင့်တွက်အကဲဖြတ်ခဲ့ကြရာတွင် အချို့မှာ ၆၀၀ ဒီဂရီဆဲလ်စီးယပ်စ်ကို ကျော်လွန်ကြောင်း တွေ့ရှိသည်ဟု ဆိုသည်။

**ဆင်ဟွာ**

## သီရိလင်္ကာနိုင်ငံ၌ ယခုနှစ်တွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူ ၂၆၀၀၀ ကျော်ရှိ

**ကိုလံဘို ဇွန် ၁၄**

သီရိလင်္ကာနိုင်ငံတွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုမြင့်တက်လာကြောင်း၊ ယခုနှစ်တွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူ ၂၆၀၀၀ ကျော်ရှိပြီဖြစ်သည့်အတွက် ပြည်သူများအနေဖြင့် သတိထားသင့်ကြောင်း သီရိလင်္ကာကျန်းမာရေးတာဝန်ရှိသူများက ဇွန် ၁၄ ရက်တွင် ပြောသည်။

ကိန်းဂဏန်းအချက်အလက်များအရ သီရိလင်္ကာနိုင်ငံ၏ အရှေ့ပိုင်းနှင့် တောင်ပိုင်းများတွင် ကူးစက်မှုနှုန်း မြင့်မားလျက်ရှိပြီး အဆိုပါနေရာများကို သွေးလွန်တုပ်ကွေး ကူးစက်မှုအန္တရာယ်မြင့်မားသောဇုန်အဖြစ် ကြေညာထားသည်။ ခြင်မှတစ်ဆင့် ကူးစက်သော ရောဂါပိုမြင့်မားလာနိုင်သောကြောင့် သွေးလွန်တုပ်ကွေးရောဂါ ပြန့်ပွားမှုကို အထူးဂရုပြုသင့်ကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ပြောသည်။

ပြည်သူများအနေဖြင့် အဖျားကြီးခြင်း၊ မရပ်မနားထိုးအန်ခြင်း၊ ဝမ်းဗိုက်နာခြင်း သို့မဟုတ် မူးဝေခြင်းခံစားရပါက ဆေးကုသမှုချက်ချင်းခံယူရန် ဆေးပညာရှင်များက တိုက်တွန်းထားသည်။ **ဆင်ဟွာ**

# အစိုးရဓမ္မာစရိယ အောင်စာရင်းနှင့် ပါဠိပထမပြန်စာမေးပွဲအောင်စာရင်းများ ထုတ်ပြန်ပေးမည်

**နေပြည်တော် ဇွန် ၁၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကျင်းပပြီးစီးခဲ့သော ၁၃၈၄ (၂၀၂၂) ခုနှစ်၊ အစိုးရဓမ္မာစရိယစာမေးပွဲ အောင်စာရင်းကို ၁၃၈၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက် (၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၆) ရက်၊ ကြာသပတေးနေ့၊ နံနက် ၆ နာရီတွင် လည်းကောင်း၊ ၁၃၈၄ (၂၀၂၂) ခုနှစ်၊ ပါဠိပထမပြန်စာမေးပွဲအောင်စာရင်းကို ၁၃၈၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက် (၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၇) ရက်၊ သောကြာနေ့၊ နံနက် ၆ နာရီတွင် လည်းကောင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ Website www.mahana.org.mm ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန Website www.mora.gov.mm နှင့် သာသနာရေးဦးစီးဌာန Website www.dra.gov.mm တို့မှ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ၏ တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ် ပြုစုပြီး မူကြမ်းနှင့်ပတ်သက်၍ ကျောက်ခေတ်ကာလ သမိုင်းစဉ်ဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇွန် ၁၄**

မြန်မာနိုင်ငံ၏ တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ မြန်မာ့သမိုင်းအဖွဲ့မှ ရေးသားပြုစုလျက်ရှိရာ ပရိုင်းမိတ်ကာလသမိုင်းစဉ်၊ ကျောက်ခေတ်ကာလသမိုင်းစဉ်၊ ကြေးခေတ်၊ သံခေတ်ကာလ သမိုင်းစဉ်၊ သမိုင်းတင်ခေတ်ဦးပိုင်း ပျူခေတ်ကာလ သမိုင်းစဉ်တို့နှင့် ပတ်သက်၍ မူကြမ်းပြုစုရေးသားပြီးစီးနေပြီ ဖြစ်ပါသည်။ ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်သုတေသနပြုတွေ့ရှိချက်များ၊ ခေတ်မီသိပ္ပံနည်းကျ သက်တမ်းတွက်ချက်မှုများ၊ ပြည်တွင်း/ပြည်ပ ပညာရှင်များ၏ သုတေသနပြု ဖော်ထုတ်တွေ့ရှိချက်များကို ပေါင်းစပ်ဖြည့်စွက်၍ ခိုင်မာသော သမိုင်းစဉ်ကို ပြည့်ပြည့်စုံစုံ ရေးသားနိုင်ရန်အတွက် လက်တွေ့တူးဖော်သုတေသနပြုသည့် ပညာရှင်များ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ အတွေ့အကြုံရင့် အရာရှိကြီးများ၊ လက်တွေ့ဆောင်ရွက်နေသည့် ဝန်ထမ်းများနှင့် မြန်မာ့သမိုင်းအဖွဲ့မှ ပညာရှင်ကြီးများ၊ ဝန်ထမ်းများ၏ ကျောက်ခေတ်ကာလ သမိုင်းစဉ်ဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို ဇွန် ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြန်မာ့သမိုင်းစဉ်အတွက် အရေးကြီးသောဆွေးနွေးပွဲဖြစ်သည့်အားလျော်စွာ မြန်မာ့သမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၂) ဒေါက်တာတိုးလှနှင့် မြန်မာ့သမိုင်းအဖွဲ့ဝင် ပညာရှင်ကြီးများ၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် အရာရှိကြီးများ၊ အကြံပေးပညာရှင်များ၊ ကျောက်ခေတ်သုတေသန တူးဖော်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သော အရာရှိကြီးများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လေ့လာသူ ဌာနမှဝန်ထမ်းများ ၅၀ တို့ တက်ရောက်ကြသည်။



**သမိုင်းခေတ်များ ပီပြင်ပုံပေါ်လာ**

အမေရိကန်ပညာရှင် T.O.Morris, Dr. H.L.Movius နှင့် Dr. H.de Terra တို့ အမည်ပေးခဲ့သည့် ကျောက်ခေတ်ဦး (သို့မဟုတ်) ကျောက်ခေတ်ဟောင်းကာလ ထွန်းကားခဲ့ကြောင်း၊ ထို့နောက် ကျောက်ခေတ်လယ်၊ ကျောက်ခေတ်သစ်များသို့ အဆင့်ဆင့်ဖြတ်သန်းခဲ့ပြီး ကြေးခေတ်၊ သံခေတ်များသို့ ကူးပြောင်းထွန်းကားခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ သမိုင်းခေတ်များနှင့် ပတ်သက်၍ ၁၉၇၀ ပြည့်နှစ်တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီက ပညာရှင်များ စုဖွဲ့ပြုစုရေးသားထုတ်ဝေခဲ့သော **"အခြေပြမြန်မာနိုင်ငံရေး သမိုင်း"** ကိုသာ ကိုးကားရကြောင်း၊ နှစ်ပေါင်း ၅၀ ကျော်လွန်ပြီဖြစ်သည့် ယခုကာလတွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံ အနှံ့အပြားတွင် ကျောက်ခေတ်သမိုင်းစဉ်ဆိုင်ရာ သုတေသနပြုမှုအကြိမ်ပေါင်း များစွာမှ အသစ်အသစ်သော တွေ့ရှိချက်များ တွေ့ရှိခဲ့ပါကြောင်း၊ ထို့အတူ သိပ္ပံနည်းကျ သက်တမ်းတွက်ချက်မှုများကြောင့် အချို့သမိုင်းခေတ်များမှာ များစွာပီပြင်ပုံပေါ်လာပြီဖြစ်သဖြင့် မြန်မာနိုင်ငံ၏ သမိုင်းခေတ်များကို ပြန်လည်ပြင်ဆင်ရေးသားပြုစုထုတ်ဝေရန် လိုအပ်လာပြီဖြစ်ကြောင်း၊ သို့မှသာ ပြည်တွင်း/ပြည်ပ သုတေသီများ၊ ကျောင်းသားလူငယ်များ၊ ပြည်သူလူထုများအနေဖြင့် မြန်မာနိုင်ငံ၏ သမိုင်းစဉ် ပြောင်းလဲဖြစ်တည်မှုကို သိရှိကိုးကားနိုင်မည်ဖြစ်ကြောင်း၊ ထို့အတူ မြန်မာလူမျိုးများသည် မြန်မာ့ရေမြေတွင် ပေါက်ဖွားကြီးပြင်းလာပြီး သမိုင်းခေတ်ကာလအဆင့်ဆင့်ကို ကျော်ဖြတ်လျက် ယနေ့ခေတ်ကာလအထိ ရောက်ရှိခဲ့သည်ကို ခိုင်ခိုင်မာမာ ဖော်ထုတ်နိုင်ပြီး မိမိလူမျိုး၊ မိမိနိုင်ငံနှင့် မိမိတို့ သမိုင်းအတွက် ဂုဏ်ယူနိုင်မည်မှာ ဖြစ်ကြောင်း၊ ဆွေးနွေးပွဲပြုလုပ်ရခြင်းနှင့် အကျိုးရလဒ်၊ မျှော်မှန်းသည့် မြန်မာ့ရှေးဦးသမိုင်းစဉ် ပြောင်းလဲမှု၏ ခိုင်မာသည့် အထောက်အထားများကို သိရှိရသည်။

**ကျောက်ခေတ်သမိုင်းစဉ် ဆွေးနွေး**

ထို့ကြောင့် ဆွေးနွေးပွဲတွင် မြန်မာ့သမိုင်းအဖွဲ့ပညာရှင်များ ပြုစုရေးသားထားသော သမိုင်းစဉ် (မူကြမ်း) များအနက်မှ **"ကျောက်ခေတ်ကာလ သမိုင်းစဉ်"** အကြောင်းကို တာဝန်ယူပြုစုသော မြန်မာ့သမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၂) ဒေါက်တာတိုးလှ က ရှင်းလင်းတင်ပြသည်။ ထို့နောက် ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း (ပြည်) ကျောင်းအုပ်ကြီး ဦးဝင်းကြိုင်က ၎င်းလက်တွေ့ကွင်းဆင်း သုတေသနပြု တွေ့ရှိခဲ့သော **"ကျောက်ခေတ်သုတေသန"** လုပ်ငန်းများကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။ ကျောက်ခေတ်ဦး (ကျောက်ခေတ်ဟောင်း)ခေါ် အညာသားယဉ်ကျေးမှု စတင်ခဲ့သည့် လွန်ခဲ့သော နှစ်ပေါင်း ၇၅၀၀၀၀ မှ ၂၇၅၀၀၀ အတွင်း မှစတင်၍ ကျောက်ခေတ်သမိုင်းစဉ်ကို ရှင်းလင်းဆွေးနွေးကြပြီး ခိုင်မာသော အထောက်အထားများ၊ သက်တမ်းတွက်ချက်မှုများနှင့် ချိတ်ဆက်ဆွေးနွေးသုံးသပ်ကြသည်။

မြန်မာ့သမိုင်းစဉ်ဆိုင်ရာ ကျောက်ခေတ်ကာလ သမိုင်းစဉ်တွင် ကျောက်ခေတ်ဦး (ကျောက်ခေတ်ဟောင်း)၊ ကျောက်ခေတ်လယ်၊ ကျောက်ခေတ်သစ်ကာလ ယဉ်ကျေးမှုများ ပါဝင်ပြီး ဆွေးနွေးပွဲကို ဇွန် ၁၃ ရက်နှင့် ၁၄ ရက် စုစုပေါင်း နှစ်ရက် ပြုလုပ်သည်။ ဆွေးနွေးဖြည့်စွက်ချက်များကို ပြန်လည်ပြင်ဆင်၍ ဒုတိယအကြိမ် ထပ်မံဆွေးနွေးအတည်ပြုမည် ဖြစ်ကြောင်း၊ အလားတူ မြန်မာ့သမိုင်းစဉ်ဆိုင်ရာ ပျူခေတ် သမိုင်းစဉ်ဆွေးနွေးပွဲကို ဇွန် ၂၀ ရက်မှ ၂၂ ရက်အထိ အမျိုးသားပြတိုက်(ရန်ကုန်)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး စိတ်ပါဝင်စားသူ ပညာရှင်များ ပါဝင်ဆွေးနွေးနိုင်ကြောင်း၊ ပါဝင်ဆွေးနွေးလိုသည့် ပညာရှင်များအနေဖြင့် မိမိတို့ကိုယ်တိုင် သုတေသနပြုတွေ့ရှိချက်များ၊ တွေ့ရှိထားသည့် ခိုင်မာသော အထောက်အထားများကိုပါ ပူးတွဲယူဆောင်၍ အထောက်အထားတင်ပြဆွေးနွေးရန် လိုအပ်ပါကြောင်းနှင့် **ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲ၊ ညွှန်ကြားရေးမှူး၊ ဖုန်း - ၀၉၅၀၆၁၈၃၂၊ Email :** departmentofarchaeologyygn@gmail.com များသို့ ကြိုတင်ဆက်သွယ်၍ စာရင်းပေးထားရန် လိုအပ်ပါကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇွန် ၁၄**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက်(၅)နှစ်မှ (၁၂)နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ စသည့်ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ ဒေသခံပြည်သူ ၁၆၂ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၁၂၃၆၃ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် လေးမြို့နယ်၌ ဒေသခံပြည်သူ ၂၂၂ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုမှ ဒေသခံပြည်သူ ၁၀၄၄၅ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်၌ ကျောင်းသား၊ ကျောင်းသူ ၁၈၅ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ကျောင်းသား၊ ကျောင်းသူ ၁၃၅၉၇ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ၁၅ မြို့နယ်၌ ကျောင်းသား၊ ကျောင်းသူ ၂၀၇၈၉ ဦးနှင့် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့၌ ကျောင်းသား၊ ကျောင်းသူ ၁၃၇ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဇွန် ၁၄ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၈ ဦး တွေ့ရှိ

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၁၂ ရာခိုင်နှုန်းရှိ

**(၁၄-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၃-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၄-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၄၁၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၈) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၂၉၀,၅၁၁) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၄၆၀) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၇) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၄၃၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၁၄-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၂၃၀) ခု | (၃)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁၇) ခု | (၂)ဦး |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၉၇) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၁၇၈) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၄၇) ခု | (၂)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၉၄၄) ခု | (၁)ဦး |
| စုစုပေါင်း | (၆,၄၁၃) ခု | (၈)ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှအသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၁၄- ၆- ၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၇၄၂၄၈၄၆ | ၈၃၂၄၅၇၉၈ | ၁၀၃၆၀၈၄ |
| ၂။ | အိန္ဒိယ | ၄၃၂၃၆၆၉၅ | ၄၂၆၆၁၃၇၀ | ၅၂၄၇၇၇ |
| ၃။ | ဘရာဇီး | ၃၁၄၉၇၀၃၈ | ၃၀၂၁၉၂၃၆ | ၆၆၈၂၃၀ |
| ၄။ | ပြင်သစ် | ၂၉၈၅၈၃၉၃ | ၂၉၂၄၂၅၂၄ | ၁၄၈၈၄၁ |
| ၅။ | ဂျာမနီ | ၂၆၈၈၆၄၄၇ | ၂၅၉၉၉၁၀၀ | ၁၄၀၂၁၃ |
| ၆။ | ဗြိတိန် | ၂၂၄၁၀၅၈၃ | ၂၂၀၄၅၃၈၉ | ၁၇၉၂၇၄ |
| ၇။ | ရုရှား | ၁၈၃၈၂၃၈၀ | ၁၇၈၀၁၅၆၉ | ၃၈၀၁၃၇ |
| ၈။ | တောင်ကိုရီးယား | ၁၈၂၃၉၀၅၆ | ၁၈၀၂၈၈၉၉ | ၂၄၃၉၀ |
| ၉။ | အီတလီ | ၁၇၆၆၄၀၄၃ | ၁၆၈၇၉၆၈၃ | ၁၆၇၄၃၂ |
| ၁၀။ | တူရကီ | ၁၅၀၇၂၇၄၇ | ၁၄၉၇၁၂၅၆ | ၉၈၉၆၅ |

## ၁၄-၆- ၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၀၇၃၃၂၈၅ | ၉၅၆၈၈၈၈ | ၄၃၀၈၃ |
| အင်ဒိုနီးရှား | ၆၀၆၂၀၀၉ | ၅၉၀၀၀၄၉ | ၁၅၆၆၆၂ |
| မလေးရှား | ၄၅၂၈၃၉၀ | ၄၄၇၀၀၆၇ | ၃၅၇၁၆ |
| ထိုင်း | ၄၄၈၈၄၉၇ | ၄၄၃၆၆၈၄ | ၃၀၃၇၁ |
| ဖိလစ်ပိုင် | ၃၆၉၃၈၆၅ | ၃၆၃၀၂၇၄ | ၆၀၄၆၁ |
| စင်ကာပူ | ၁၃၄၃၆၄၅ | ၁၂၆၃၆၅၃ | ၁၃၉၈ |
| မြန်မာ | ၆၁၃၄၆၀ | ၅၉၂၄၃၉ | ၁၉၄၃၄ |
| လာအို | ၂၁၀၁၆၄ | ၂၀၈၃၄၄ | ၇၅၇ |
| ဘရူနိုင်း | ၁၅၄၁၃၃ | ၁၅၀၈၆၅ | ၂၂၅ |
| ကမ္ဘောဒီးယား | ၁၃၆၂၆၂ | ၁၃၃၂၀၆ | ၃၀၅၆ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ



လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို
ပျက်စီးစေရန်အတွက် လက်ကို
ဆပ်ပြာနှင့်ရေအသုံးပြု၍ အနည်းဆုံး
စက္ကန့်(၂၀) ကြာဆေးကြောပါ။

## ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့နှင့် ကျုံပျော်မြို့တို့တွင် ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ ထပ်မံလာရောက်ခိုလှုံသည့် PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်



**နေပြည်တော် ဇွန် ၁၄**

လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ ထပ်မံလာရောက်ခိုလှုံသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့တွင် ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့နှင့် ကျုံပျော်မြို့တို့ရှိ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အစည်းအဝေးခန်းမများ၌ ပြုလုပ်ရာ သက်ဆိုင်ရာမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များမှ တာဝန်ရှိသူများ၊ အလင်းဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာ ပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် လုံခြုံရေး တပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF အဖွဲ့ဝင် အမျိုးသားတစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့ကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ သက်ဆိုင်ရာ မြို့နယ်တာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၁၄**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နေပြည်တော် ပြည်ထောင်စုနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဖေယျာသိဒ္ဓိရပ်ကွက်နေ စပယ်စိုး (၄၁)နှစ်သည် ၎င်းအသုံးပြုသည့် “Sapal Soe” Facebook အကောင့်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့ နောင်ပါရင်ရပ်ကွက်နေသူများဖြစ်သည့် အောင်ကျော်ဦး (၆၄)နှစ်နှင့် အေးချမ်းခင်(၂၈)နှစ်တို့ နှစ်ဦးသည် ၎င်းတို့အသုံးပြုသည့် “Aung Kyaw Oo” Facebook အကောင့်နှင့် “Aye Chan Khin” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြို့နယ်အချို့၌ အနာဂတ်မျိုးဆက်သစ်ရင်သွေးငယ်များ၏ ပညာရေးနောက်ကျကျန်မှုမဖြစ်စေရေးအတွက် အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားမှုကို မလိုလားသူ နိုင်ငံရေးအစွန်းရောက်များက အကြမ်းဖက်ခြိမ်းခြောက်မှုများ လုပ်ဆောင်

**နေပြည်တော် ဇွန် ၁၄**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ၏အနာဂတ်ဖြစ်သည့် မျိုးဆက်သစ် ရင်သွေးငယ်များ၏ပညာရေးတွင် နောက်ကျကျန်ရစ်မှု မဖြစ်ပေါ်စေရေးအတွက် ပညာသင်ကြားနိုင်မှု အခွင့်အလမ်းကို ပြည့်ဝစွာအသုံးချနိုင်စေရန် အခြေခံပညာကျောင်းများကို ဇွန် ၂ ရက်တွင် စတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ NUG နှင့် ၎င်း၏လက်အောက်ခံ နိုင်ငံရေးအစွန်းရောက်အကြမ်းဖက်များက အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြား၍ပညာမဲ့လူတန်းစား များဖြစ်ပေါ်လာစေရန်နှင့် ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ မိဘများအား အထိတ်တလန့်ဖြစ်စေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် စာသင်ကျောင်းများတွင် ဆန့်ကျင်ခြိမ်းခြောက်စာများ ရေးသားချိတ်ဆွဲ၍ ခြိမ်းခြောက်အကြမ်းဖက်ခြင်းများ လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၃ ရက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် မကွေးတိုင်းဒေသကြီး သရက်မြို့ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းရှိ ကျောင်းဆောင်အုတ်နံရံများ၌ အကြမ်းဖက်သမားများက ဆန့်ကျင်ခြိမ်းခြောက်စာများ ရေးသားထားကြောင်းသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါ ကျောင်းဝင်းအတွင်းရှိ တေဇအဆောင်(၆)ခန်းတွဲ အရှေ့ဘက် အုတ်နံရံ၌ “CDM မလုပ်တဲ့ ဆရာ/မများ အသေဆိုးနဲ့ သေပါစေ” ၊ Grade-7 “ရွှေသွေး” အဆောင် အတွင်းအုတ်နံရံ၌ “စစ်ကျွန်ပညာရေး အားမပေး”၊ Grade-10 “အောင်ရတနာ” အဆောင် (၃) ခန်းတွဲ အတွင်းအုတ်နံရံ၌ “ကျောင်းတက်နေတဲ့ ကျောင်းသားတွေသေတဲ့သူတွေ အားနာပါဦး”ဟူသော ဆန့်ကျင်ခြိမ်းခြောက်စာများအား အနက်ရောင်၊ အနီရောင်မှုတ်ဆေးများဖြင့် ရေးသားထားသည်ကို တွေ့ရှိခဲ့ရသဖြင့် ဖျက်ဆီး ရှင်းလင်းခဲ့ကြောင်း သိရ သည်။ **(အပေါ်ပုံ)**



ထို့ပြင် ဇွန် ၁၂ ရက်က စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့ရှိ စစ်ကိုင်းပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါ်မြတ်မြတ်သော် ကိုင်ဆောင်သည့် လက်ကိုင်ဖုန်းသို့ PDF အမည်ခံအကြမ်းဖက်သမားက ဖုန်းအမှတ် ၀၉-၇၈၂၅၀၅၉၅၈ ဖြင့် “စစ်ကိုင်း PDF ထံသို့ အလှူငွေ ငါးသိန်းပေးသွင်းရန်၊ ဝန်ထမ်းများအားလုံး CDM ပြုလုပ်ရန်၊ အလှူငွေမထည့်တဲ့ ဝန်ထမ်းအားလုံး ၎င်းတို့အဖွဲ့မှ စောင့်ကြည့်ရှင်းလင်းပစ်မည်” ဟု ခြိမ်းခြောက်စာရေးသားထားသည့် Message များ ပေးပို့ခြိမ်းခြောက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းရှာဖွေ ဖော်ထုတ်လျက်ရှိသည်။

အလားတူ ဇွန် ၁၃ ရက် နံနက် ၉ နာရီ ၁၅ မိနစ်တွင် ကချင်ပြည်နယ် ရွှေကူမြို့နယ် ကျွန်းတောကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကလေးသူငယ်များအား ပညာသင်ကြားပေးလျက်ရှိသည့် ကျောင်းအုပ်ဆရာမကြီး ဒေါ်မိမိထွေးပါ ကျောင်းဆရာတစ်ဦး၊ ဆရာမ လေးဦးတို့အား PDF အမည်ခံ အကြမ်းဖက်သမားများက မိုးစစ်ကျေးရွာသို့ ဖမ်းဆီးခေါ်ဆောင်သွားပြီး ဆရာ၊ ဆရာမများအား “ကလေးသူငယ်များကို ဆက်လက်၍ ပညာသင်ကြားခြင်း မပြုရန်နှင့် CDM ပြုလုပ်သွားရန်” ပြောဆိုခြိမ်းခြောက်ကာ နံနက် ၁၁ နာရီ ၁၅ မိနစ်ခန့်၌ ပြန်လည်စေလွှတ်ပေးခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ မိဘများအား အထိတ်တလန့်ဖြစ်စေရန်နှင့် စာသင်ကျောင်းများ ဖွင့်လှစ်သင်ကြားခြင်းမပြုနိုင်စေရန် ရည်ရွယ်၍ ခြိမ်းခြောက် အကြမ်းဖက်ခြင်းများ ပြုလုပ်ခဲ့သည့် နိုင်ငံရေးအစွန်းရောက်အကြမ်းဖက်များအား ဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သတင်းပေးသူများကို ထိုက်တန်စွာချီးမြှင့်မည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သော CRPH၊ NUG တို့က ဖွဲ့စည်းထားသော PDF အဖွဲ့များသည် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေးယန္တရားများ ပျက်ပြားစေရန်အတွက် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ ဌာနဆိုင်ရာဝန်ထမ်းများကို အကြမ်းဖက်သတ်ဖြတ်ခြင်း၊ စာသင်ကျောင်းများ မဖွင့်နိုင်စေရန်နှင့် ကျောင်းသူ ကျောင်းသားများ ကျောင်းမတက်ရဲစေရန် ဆရာ ဆရာမများကို သတ်ဖြတ်ခြင်း၊ စာသင်ကျောင်းများ၌ ဗုံးထောင်ခြင်း၊ ဗုံးခွဲခြင်း၊ ခြိမ်းခြောက်ခြင်းများပြုလုပ်ခြင်း၊ ပြည်သူလူထုအတွင်း အကြောက်တရားများဖြစ်ပေါ်စေရန် အေးချမ်းစွာနေထိုင်လိုသော ပြည်သူများကို သတ်ဖြတ်ခြင်းတို့ကို လုပ်ဆောင်သည်သာမက နိုင်ငံရေးနှင့် မည်သို့မျှသက်ဆိုင်ခြင်းမရှိသည့် ရဟန်းသံဃာများကိုပါ ရက်ရက်စက်စက် သတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည်။

ဗုဒ္ဓဘာသာသည် နိုင်ငံတော်၌ အများဆုံးကိုးကွယ်ရာ ဘာသာတစ်ခုဖြစ်သည့်အပြင် ကမ္ဘာ၌လည်း ဂုဏ်သိက္ခာမြင့်မားစွာဖြင့် တည်ရှိလျက်ရှိသော ဘာသာတရားဖြစ်ပါသည်။ ဗုဒ္ဓဘာသာကို အများဆုံးကိုးကွယ်ကြသည့်နိုင်ငံ၌ အကျင့်သီလပြည့်စုံစွာဖြင့် ကျင့်သုံးလျက်ရှိသည့် ရဟန်းတော်များကို သတ်ဖြတ်ခြင်းသည် နိုင်ငံနှင့်လူမျိုးအတွက် လွန်စွာအကျည်းတန်ရုပ်ဆိုးစေပါသည်။

သို့ဖြစ်၍ နိုင်ငံနှင့်လူမျိုးအတွက် လွန်စွာအကျည်းတန်ရုပ်ဆိုးစေသည့် ရဟန်းသံဃာတော်များအား သတ်ဖြတ်ခြင်းကဲ့သို့သော ပြစ်မှုများကို ကျူးလွန်သူများအား ဖော်ထုတ်ပြီး ထိရောက်စွာအရေးယူနိုင်ရန်အတွက် ပြည်သူအားလုံးက ပူးပေါင်းပါဝင်ကြရန်နှင့် ယင်းတို့နှင့်ပတ်သက်၍ သတင်းပေးနိုင်သူများအား ထိုက်တန်စွာဆုချီးမြှင့်ပြီး ထိရောက်သော အကာအကွယ်များ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**

# ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဆိုလာအသေးစားဓာတ်အားပေးစနစ် (Mini-Grid) ဖွင့်ပွဲတက်ရောက်

**ဒေးဒရဲ ဇွန် ၁၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ Talent And Technology Co.,Ltd နှင့် ကျေးရွာနေပြည်သူများ စုပေါင်းထည့်ဝင်ငွေဖြင့် ရောဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ကျုံ့ဒါတ်ကျေးရွာအုပ်စု ရေတွင်းကုန်းကျေးရွာနှင့် သံဒိတ်ကျေးရွာတို့တွင် ကျေးရွာမီးလင်းရေးလုပ်ငန်းဖြစ်သည့် ဆိုလာအသေးစားဓာတ်အားပေးစနစ် (Mini–Grid) စီမံကိန်းဖွင့်ပွဲကို ယနေ့ မွန်းလွဲ ၂ နာရီခွဲက ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်သည်။

ဆိုလာအသေးစားဓာတ်အားပေးစနစ် ဖွင့်ပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားရာ၌ ရောဝတီတိုင်းဒေသကြီးအတွင်း မဟာဓာတ်အားလိုင်း မရောက်နိုင်သည့် ကျေးရွာများ၏ Solar Mini Grid မီးလင်းရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ယနေ့အထိ စီမံကိန်း ၂၉ ခု ရှိသည့်အနက် ပြီးခဲ့သည့် စီမံကိန်းလုပ်ငန်း ၁၉ ခုထဲတွင် ရေတွင်းကုန်းကျေးရွာနှင့် သံဒိတ်ကျေးရွာ လုပ်ငန်းတစ်ခု အပါအဝင်ဖြစ်ကြောင်း၊ ရေရှည်စီမံကိန်းအရ တိုင်းဒေသကြီးအတွင်းရှိသည့် ကျေးရွာများအားလုံး လျှပ်စစ်မီးလင်းရေးအတွက် မဟာဓာတ်အားလိုင်းကလည်း လင်းအောင်လုပ်မည်ဖြစ်ကြောင်း၊ မဟာဓာတ်အားလိုင်း မရောက်နိုင်သည့်နေရာများကိုလည်း Mini–Grid များ၊ တစ်အိမ်ထောင်သုံး ဆိုလာစနစ်များနှင့် ဖြန့်ကြက်ပြီး တိုင်းဒေသကြီး၌ရှိသည့် ကျေးရွာပေါင်း တစ်သောင်းတစ်ထောင်ကျော်အား ကျေးရွာအားလုံး မီးလင်းရေး တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက Solar Mini–Grid အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ယာပုံ)**



အဆိုပါ စီမံကိန်းကို နိုင်ငံတော် မတည်ငွေ ကျပ် ၄၆၂ ဒသမ ၆၁၇၄ သန်း၊ ကုမ္ပဏီရင်းနှီးထည့်ဝင်ငွေ ကျပ် ၁၆၇ ဒသမ ၁၄၁၆ သန်းနှင့် ကျေးရွာပြည်သူထည့်ဝင်ငွေ ၁၄၁ ဒသမ ၂၇ သန်း စုစုပေါင်း စီမံကိန်းကုန်ကျငွေ ကျပ် ၇၇၁ ဒသမ ၀၂၉ သန်းဖြင့် Talent And Technology Co.,Ltd က အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ရေတွင်းကုန်း၊ သံဒိတ်ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်း သုံးကျောင်း၊ စာသင်ကျောင်း လေးကျောင်း၊ ဆေးပေးခန်း တစ်ခု၊ အိမ်ခြေ ၃၁၀ ရှိ မိသားစုများနှင့် လမ်းမီးတိုင် ၆၀၃ တိုင်တို့အား လျှပ်စစ်မီးများ ၂၄ နာရီ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# စျေးနှုန်းသက်သာစွာဖြင့် ယူရီးယားမြေသြဇာဖြန့်ဖြူးရောင်းချ

**နေပြည်တော် ဇွန် ၁၄**

“ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ” သည် မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များ၊ အသင်းဝင်ကုမ္ပဏီများ စုစည်းဖွဲ့စည်းထားသော Consortium အဖွဲ့နှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့နှင့်ပူးပေါင်း၍ တောင်သူလယ်သမားများ စိုက်ပျိုးရေးလုပ်ငန်းခွင်တွင် အသုံးပြုရန် လိုအပ်လျက်ရှိသော အရည်အသွေးနှင့်စံချိန်စံညွှန်း ပြည့်မီသည့် ယူရီးယားမြေသြဇာများ ပြင်ပပေါက်စျေးထက် စျေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ဗဟိုဘဏ်မှ ရည်ညွှန်းငွေလဲနှုန်းဖြင့်တိုက်ရိုက် ရောင်းချပေးသည့် နိုင်ငံခြားငွေဖြင့် ပထမအကြိမ်တင်သွင်းသည့် ယူရီးယားမြေသြဇာ ၇၅၀၀၀ တန်ခန့်ကို သက်သာသောစျေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ပြီး ဇွန် ၁၁ ရက်မှစတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်၁၁ ခုရှိ မြို့နယ် ၁၃၆ မြို့နယ်မှ အရောင်းဆိုင် ၂၉၁ ဆိုင်တွင် ကြိုက်ရောင်း/ ကြိုက်ဝယ်စနစ်ဖြင့် လက်ငင်းငွေချေဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

တောင်သူများအနေဖြင့် စျေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချပေးမည့် ယူရီးယားမြေသြဇာများကို သက်ဆိုင်ရာကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံမှ ဝယ်ယူခွင့်လက်မှတ်များ အခမဲ့ရယူ၍ မြို့နယ်များရှိ သက်ဆိုင်ရာအရောင်းဆိုင်များ၌ “ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူး ရောင်းချရေးဦးဆောင်ကော်မတီ” မှ ထုတ်ပြန်ထားသော ရည်ညွှန်းစျေးနှုန်းများအတိုင်း ဝယ်ယူရရှိနိုင်မည်ဖြစ်သည်။

တောင်သူများအနေဖြင့် ယူရီးယားမြေသြဇာများကို မြို့နယ်အလိုက် သတ်မှတ်ဖြန့်ဖြူးရောင်းချသည့် အရောင်းဆိုင်များ၌ သတ်မှတ်စျေးနှုန်းအတိုင်း ဝယ်ယူရရှိခြင်းမရှိလျှင်သော်လည်းကောင်း၊ သတ်မှတ်စည်းကမ်းများနှင့်ကိုက်ညီပြီး ဝယ်ယူရန် အခက်အခဲရှိခဲ့လျှင်သော်လည်းကောင်း သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဖုန်း ၀၆၇ – ၄၁၀၀၃၅၊ သမဝါယမဦးစီးဌာန ဖုန်း ၀၆၇ – ၄၁၀၀၄၀၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း ၀၆၇ – ၄၁၈၆၂၁ နှင့် တိုင်းဒေသကြီး/ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးများနှင့် မြို့နယ်အဆင့် ဖြန့်ဖြူးရောင်းချရေးကော်မတီများသို့လည်း ဆက်သွယ်နိုင်ကြောင်းသိရသည်။

**သတင်းစဉ်**

## ယူရီးယားမြေသြဇာများအတွက် ရည်ညွှန်းစျေးနှုန်းများ

၁၄–၆–၂၀၂၂

50 Kg ပါ တစ်အိတ်စျေးနှုန်းဖြစ်ပါသည်။

| ကုန်ပစ္စည်း | ရန်ကုန် ဂိုဒေါင်စျေး | ပဲခူး | | မန္တလေး | မကွေး | | မွန် | စစ်ကိုင်း | | ရန်ကုန် | | ရခိုင် | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ပဲခူး | ပြည် | | မကွေး | စလင်း/ ပွင့်ဖြူ | မော်လမြိုင်/ သထုံ | မုံရွာ | ရွှေဘို/ ရွှေဘို | သုံးခွ | ထန်းတပင် | စစ်တွေ | မောင်တော |
| ယူရီးယား မြေသြဇာ | ၈၆၀၀၀ | ၈၇၈၀၀ | ၈၈၆၀၀ | ၈၈၆၀၀ | ၈၉၀၀၀ | ၈၉၁၀၀ | ၈၈၈၀၀ | ၈၉၅၀၀ | ၈၉၈၀၀ | ၈၈၀၀၀ | ၈၆၅၀၀ | ၉၂၆၀၀ | ၉၉၄၀၀ |
| | | ကရင် | | ရောဝတီ | | ရှမ်း (အရှေ့) | | ရှမ်း (မြောက်) | | ရှမ်း (တောင်) | | | |
| | | ဘားအံ | လှိုင်းဘွဲ့ | ပုသိမ် | ဟသ်ာတ | ကျိုင်းတုံ | မိုင်းတုံ | လားရှိုး | ကျောက်မဲ | တောင်ကြီး | ကလော | မိုင်းပန် | |
| | | ၈၈၈၀၀ | ၈၉၃၀၀ | ၈၈၂၀၀ | ၈၈၁၀၀ | ၉၆၀၀၀ | ၁၀၀၈၀၀ | ၉၂၀၀၀ | ၉၀၁၀၀ | ၈၉၅၀၀ | ၈၈၈၀၀ | ၉၂၀၀၀ | |

မှတ်ချက် ။ (၁) ရန်ကုန်ဂိုဒေါင်စျေး + ဒေသအလိုက် သယ်ယူပို့ဆောင်စရိတ် + ကုန်တင် /ချ ခ + အမြတ်ငွေတို့ပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) ယူရီးယားမြေသြဇာဝယ်ယူသုံးစွဲသူတောင်သူများအနေဖြင့် ယူရီးယားမြေသြဇာများ ဖြန့်ဖြူးရောင်းချသည့် အရောင်းဆိုင်များ၌ ဝယ်ယူရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည် –

၀၆၇ – ၄၁၀၀၃၅ (သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန)

၀၆၇ – ၄၁၀၀၄၀ (သမဝါယမဦးစီးဌာန)

၀၆၇ – ၄၁၈၆၂၁ (ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

တိုင်းဒေသကြီး / ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးရုံးနှင့် မြို့နယ်အဆင့် ဖြန့်ဖြူးရောင်းချရေးကော်မတီများသို့လည်း တိုင်ကြားနိုင်ပါသည်။

(၃) သတ်မှတ်စည်းကမ်းများနှင့် ကိုက်ညီပြီး ဝယ်ယူရန် အခက်အခဲရှိပါက မြို့နယ်အဆင့် ဖြန့်ဖြူးရောင်းချရေးကော်မတီသို့ ချိတ်ဆက်သတင်းပို့ဝယ်ယူနိုင်ပါသည်။

**ယူရီးယားမြေသြဇာဝယ်ယူဖြန့်ဖြူးရောင်းချရေးဦးဆောင်ကော်မတီ**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅-၆-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၅၀ | ၂၂၉၅ | ၂၂၉၀ | ၂၂၅၅ | ၂၂၉၅ | ၂၃၁၅ | ၂၃၀၀ | ၂၂၈၀ | ၂၃၇၅ | ၂၃၉၀ | ၂၂၈၅ | ၂၂၉၅ | ၂၃၃၀ | ၂၃၃၀ | ၂၃၃၅ | ၂၅၅၀ | ၂၇၆၀ |
| 95 Ron | ၂၃၄၀ | ၂၃၈၅ | ၂၃၈၅ | ၂၃၆၅ | ၂၃၈၅ | ၂၄၀၅ | ၂၃၉၀ | ၂၃၇၀ | ၂၄၆၅ | ၂၄၈၀ | ၂၃၇၅ | ၂၃၉၅ | ၂၄၂၀ | ၂၄၂၀ | ၂၄၂၅ | ၂၆၄၀ | ၂၈၁၅ |
| HSD (500 ppm) | ၂၆၀၅ | ၂၆၅၅ | ၂၆၅၀ | ၂၆၁၅ | ၂၆၅၀ | ၂၆၇၅ | ၂၆၇၀ | ၂၆၄၀ | ၂၇၅၀ | ၂၇၄၅ | ၂၆၄၅ | ၂၆၅၅ | ၂၆၈၅ | ၂၆၉၀ | ၂၆၉၀ | ၂၉၁၀ | ၂၉၅၅ |
| HSD (50 ppm) | ၂၆၃၅ | ၂၆၈၀ | ၂၆၈၀ | ၂၆၄၅ | ၂၆၈၀ | ၂၇၀၀ | ၂၇၀၀ | ၂၆၆၅ | ၂၇၈၀ | ၂၇၇၅ | ၂၆၇၀ | ၂၆၈၅ | ၂၇၁၅ | ၂၇၁၅ | ၂၇၂၀ | ၂၉၄၀ | ၂၉၈၅ |
| HSD (10 ppm) | ၂၆၃၅ | ၂၆၈၀ | ၂၆၈၀ | ၂၆၄၅ | ၂၆၈၀ | ၂၇၀၀ | ၂၇၀၀ | ၂၆၆၅ | ၂၇၈၀ | ၂၇၇၅ | ၂၆၇၀ | ၂၆၈၅ | ၂၇၁၅ | ၂၇၁၅ | ၂၇၂၀ | ၂၉၄၀ | ၂၉၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၄၃ | ၂၂၂၀ |
| 95 Ron | ၂၂၃၁ | ၂၃၀၉ |
| HSD (500 ppm) | ၂၄၉၀ | ၂၅၆၉ |
| HSD (50 ppm) | ၂၅၁၈ | ၂၅၉၈ |
| HSD (10 ppm) | ၂၅၁၈ | ၂၅၉၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ထားဝယ်မြို့၌ ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ် သွေးလှူရှင်များအား ဂုဏ်ပြု

ထားဝယ် ဇွန် ၁၄

**၂၀၂၂ ခုနှစ် ကမ္ဘာ့သွေးလှူရှင်များနေ့အထိမ်းအမှတ် သွေးလှူရှင်များ ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ထားဝယ်ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို တက်ရောက်အမှာစကား ပြောကြားသည်။**

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က သွေးအလှူသည် အသက်အလှူ ဇီဝိတဒါနဖြစ်ပြီး ဇီဝိတဒါနဖြစ်ရန်အတွက် အဓိကလိုအပ်ချက်ကတော့ Voluntary Unpaid Blood Donor (မိမိဆန္ဒအလျောက် အခကြေးငွေလက်ဆောင်မယူသည့်စေတနာသွေးလှူရှင်များ) ဖြစ်ကြောင်း၊ ထားဝယ်မြို့တွင် Best Friends စေတနာရှင်၊ မုဒိတာ၊ ရင်ခုန်သံ၊ ကာယဗလ၊ တောရှည်၊ သံဃာတော်များစသည့်အဖွဲ့များက စေတနာသွေးလှူရှင်များ စုဆောင်းမွေးထုတ်ပေးနေသည်ဟု သိရသည့်အတွက် ဝမ်းသာဂုဏ်ယူမိပါကြောင်း၊ ယခုခေတ်လူငယ်များအနေဖြင့်လည်း လက်ဆင့်ကမ်းတာဝန်ယူကာ စေတနာသန့်သန့်ဖြင့် သွေးကောင်းသွေးသန့်များ လှူဒါန်းခဲ့ကြပြီး အသက်ပေါင်းများစွာကို ကယ်တင်ပေးခြင်းဖြင့် ထားဝယ်သွေးသမိုင်းဂုဏ်ကို အရင်ကာလများထက် ပေါက်မြောက်အောင်မြင်စေရန် ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် အထူးကုဆရာဝန် (ရောဂါဗေဒ) ဒေါက်တာစန်းစန်းဝင်းက သွေးလှူရှင်များ သိသင့်သည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြတ်ကို **(အပေါ်ယာပုံ)**၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေးနှင့် တာဝန်ရှိသူများက (၁၃၅) ကြိမ်မြောက် သွေးလှူရှင် ဦးညွန့်ရွှေနှင့် (၂၅) ကြိမ်နှင့်အထက် သွေးလှူရှင် ၅၁ ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီးသွေးအလှူရှင်များ ကိုယ်စား သွေးလှူရှင် ဦးညွန့်ရွှေ က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**

## အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ မော်လမြိုင်တပ်နယ်(ဂ) အသင်း ဒိုင်းဆုရရှိ



**နေပြည်တော် ဇွန် ၁၄**

အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၂ ခုနှစ် တိုင်းမှူး ဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဇွန် ၁၃ ရက် ညနေပိုင်းတွင် နယ်မြေခံတပ် အားကစားကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် ကိုကိုမောင် နှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲပွဲစဉ်ဖြစ်သည့် မော်လမြိုင်တပ်နယ် (ဂ) အသင်းနှင့် မော်လမြိုင်တပ်နယ်(ဃ)အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ဒိုင်အဖွဲ့ဝင်များ၊ တစ်ဦးချင်း ဆုရရှိကြသူများ၊ အသင်းလိုက် ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသည့် မော်လမြိုင်တပ်နယ် (ဂ) အသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ ပေးအပ်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းဖြင့် ဇွန် ၁ ရက်မှ ၁၃ ရက်အထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၅-၆-၂၀၂၂ ဗုဒ္ဓဟူးနေ့

**MRTV HD**

**၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ မောရသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** စစ်မှီးငြိမ်းချိန်တန်ပါပြီ
**၀၉:၁၀** စိုက်ပျိုးရေးရာ အဖြေရှာ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** သွေးလွန်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာ
**၁၁:၃၀** ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
**၁၃:၃၀** MRTV National News
**၁၆:၃၅** အသိပညာနှင့်အမှန်တရား '**ကိုဗစ် - ၁၉ အကျိုးကျေးဇူးများ**' (အပိုင်း-၁)
**၁၇:၅၀** ရောင်ကြည်ကြည်ကြစို့အစဉ်ကွယ် သွေးလွန်တုပ်ကွေးရောဂါအန္တရာယ်
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** '(၃၀) **ဖြာမဏ်လာ**' (ဦးနန္နဝင်းရေးသားပူဇော်တင်ဆက်သည်) '**ဒါနဥ**'
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**ဘတ်စကက်ဘောအက်ဆေး**' (အပိုင်း-၁၆)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** သံစဉ်ဝေဖြာ စတီရီယိုတေးကမ္ဘာ
**၂၁:၂၀** (၁၉)ကြိမ်မြောက် ဆီးဂိမ်း၊ ရေး၊ တီး ပြိုင်ပွဲ (ကွက်စိပ်ပြိုင်ပွဲ) '**ရာဟုလာအငွေ့တောင်းခန်း**'
**၂၂:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**ပြည့်စုံခြင်းအိပ်မက်**' (အပိုင်း-၁၄)

**mitv**

**07:02** Myat Hsu Mon (Hnin Yee Thant, Hnin Hnin Htoo, Shwe Yee Win, Sein Lei Lei, Nan Sandy)
**07:05** Myanmar Traditional Snacks: Sago with coconut milk
**07:11** Gardener: King Orange Plantation
**07:25** Discovering Tribes: Myaung Zee (or) Hmong: their life and customs
**08:01** Tray Art Products
**08:11** Life of Sea Urchin Diver
**08:22** Let's go to....Natural Paradise
**08:52** Healthy Diet: Balanced Diet
**09:01** News
**09:27** Global Partnership for Brighter Future: Slovakia Pavilion at Expo 2020 Dubai
**09:35** The Banjoist
**09:52** Paper Flower

**MRTV NRC**

**အနောက်ပိုင်းကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ကရင်စာပေစကားပြောကြရအောင် (အပိုင်း-၄)

**အရှေ့ပိုင်းကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ကရင်ပြည်နယ်ဘုရားသုံးဆူမြို့ဓမ္မဟောဝန် ကျောင်းတိုက်အတွင်း ပြည်လုံးချမ်းသာ ဓမ္မစေတီတော်၏ရွှေထီးတော်တင်လှူပွဲ

**ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)**
ချဉ်ပေါင်ဟင်းရည်ချက်နည်း

**ချင်း (ချို) (၀၉:၀၀ မှ ၁၀:၀၀)**
မိုးတွင်းညထွက်သား/ငါးရှာဖွေခြင်း

**မွန် (၁၁:၀၀ မှ ၁၂:၀၀)**
သွေးချင်းတို့ရဲ့ရိုးရာယဉ်ကျေးမှုများဆီသို့

**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
မျိုးဝုဏ်တင့်စေယဉ်ကျေးမှုအမွေ (အပိုင်း-၂)

**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
လွယ်ပြားရွာကစိုင်းစံမိန်း

**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
သံပရာသီးအကြောင်းသိကောင်းစရာ

**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
လက်ကိုင်ဖုန်းနှင့်ကျန်းမာရေး

**ကယား (၂၀:၀၀ မှ ၂၁:၀၀)**
ကယားပက်ရှင်ရှိုး (၇)ကြိမ်မြောက် ကယားအမျိုးသားတို့၏စုပေါင်းအဲဒိုပေါ်မီ

**ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ကရင်ဖြူလူမျိုးအများစုနေထိုင်ရာတောင်ကျွန်းရွာလေး

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၄၅** စစ်မှီးငြိမ်းချိန်တန်ပါပြီ
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၁:၁၅** ရောင်ကြည်ကြည်ကြစို့အစဉ်ကွယ် သွေးလွန်တုပ်ကွေးအန္တရာယ်
**၁၄:၀၀** MRTV National News
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို '**ဒါဏ်**'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၃)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (သီရိလင်္ကာနိုင်ငံ)(အပိုင်း-၁)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၃)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၄၅** ကုန်ကြမ်းမှသည်ကုန်ချောဆီသို့
**၀၇:၀၀** ရောဝတီတိုင်းဒေသကြီးမှ ဆန်စက်များ
**၀၇:၃၅** အသားတိုးကြက်မွေးမြူရေးမှသည် ကျေးလက်ပြည်သူများဝင်ငွေတိုးပွားရေးဆီသို့
**၀၈:၅၀** အနာဂတ်ဘဝသာယာဖို့ဝါးစိုက်ကြပါစို့
**၀၉:၄၅** သဘာဝဘေးအန္တရာယ်လျော့ပါးစေဖို့ကြိုတင်ကာကွယ်

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇွန် ၁၄**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများကို သဇင် FM ၏ " ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"နောင်ချိုမြို့နယ် ပညာရေးမှူးရုံး နှစ်ထပ်ကျောင်းဆောင် အစည်းအဝေးခန်းမ၌ ပညာရေးဆိုင်ရာ အစည်းအဝေးပြုလုပ်နေစဉ် PDF အမည်ခံ အကြမ်းဖက်သမားများက ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲ၊ အခြေခံပညာမူလတန်းလွန်ကျောင်းအုပ်ဆရာမကြီးတစ်ဦး သေဆုံး၊ ကျောင်းအုပ်၊ ဆရာ၊ ဆရာမ ခြောက်ဦးနှင့် အရပ်သားဝန်ထမ်းတစ်ဦး ထိခိုက်ဒဏ်ရာရရှိမှုဖြစ်စဉ်"** ခေါင်းစဉ်ဖြင့် ဇွန် ၁၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်သည်။

ထို့ပြင် လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ်တွင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့က လက်လုပ်မိုင်းငါးလုံး မိုင်းဆွဲတိုက်ခိုက်ခဲ့သဖြင့် ခရီးသည်တင်ယာဉ် မိုင်းစထိမှန် ပျက်စီးခဲ့သည့်ဖြစ်စဉ်"** နှင့် ပတ်သက်သည့် ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကြို့ပင်ကောက်မြို့၌ အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်သင်တန်း ဖွင့်လှစ်



**နေပြည်တော် ဇွန် ၁၄**

ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် အုတ်ဖိုငါးလုပ်ငန်းစခန်း၏ တွဲဖက်ကြို့ပင်ကောက် နည်းပညာပြန့်ပွားရေး စခန်း၌ အခြေခံ ငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်သင်တန်းကို ဇွန် ၁၀ ရက်က ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲသို့ ဒုတိယတိုင်းဒေသကြီး ဦးစီးဌာနမှူး ဦးစိုးမင်း၊ ခရိုင်ငါးလုပ်ငန်း ဦးစီးမှူး၊ မင်းလှမြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ အုတ်ဖို ငါးလုပ်ငန်းစခန်းတာဝန်ခံ၊ စခန်းဝန်ထမ်းများနှင့် သင်တန်းသား ၂၂ ဦးတို့ တက်ရောက်ပြီး စာတွေ့လက်တွေ့ သင်ကြားပို့ချသည်။

**သတင်းစဉ်**

## ယနေ့စျေးကွက်ပေါက်စျေးများ

၁၄ - ၆ - ၂၀၂၂

**ရွှေ**

၁၄-၆-၂၀၂၂ စျေးနှုန်း

| | | | |
|---|---|---|---|
| ၁၆ ပဲရည် | ရောင်းစျေး | တစ်ကျပ်သား | ကျပ် ၂၀၅၀၀၀၀ |
| ၁၅ ပဲရည် | ရောင်းစျေး | တစ်ကျပ်သား | ကျပ် ၁၉၂၉၄၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီစျေး(ရန်ကုန်) | လက်လီစျေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၆၀၅ ကျပ် | ၂၆၅၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၆၃၅ ကျပ် | ၂၆၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၃၀၀ ကျပ် | ၂၃၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၃၆၅ ကျပ် | ၂၄၁၀ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၉၃၅ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၃၃၁ . ၃ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၂ . ၉၃၃ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၃၇၈ . ၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၁၈ . ၃၂ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၇၄ . ၆၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၃ . ၇၀၀ |

**ရန်ကုန်စတော့အိတ်ချိန်းစျေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်စျေး (ကျပ်) | အပိတ်စျေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၆၀၀ | ၇၆၀၀ | ၃၈ | ၂၈၈၈၀၀ |
| MTSH | ၂၇၀၀ | ၂၆၅၀ | ၁၁၀၅ | ၂၉၃၃၅၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၇၅၀၀ | ၁၇၅၀၀ | ၂၉ | ၅၀၇၅၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**ခေတ္တစာတည်းမှူး** - မြင့်စိုး
**သတင်းထောက်မှူး** - ခင်ရတနာ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
**ဘာသာပြန်စာတည်း** - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
**အငယ်တန်းသတင်းထောက်များ** - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
**ဓာတ်ပုံသတင်းထောက်** - တင်စိုး
**သုတေသန** - အိအိခင်နှင့် အဖွဲ့
**စာပြင်** - အေးအေးမိုးလှိုင်နှင့် အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - သန်းထွန်းအောင်နှင့် အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့် အဖွဲ့
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၀၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀.၁၂.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ **"တရားမဝင်ကုန်သွယ်မှုသတင်းများ"**နှင့် ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၁၀၉၈၈၃ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၄၀၄၃၃၉၉၆၉ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၁၀၉၈၈၆ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeinfo@gmail.com |

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး
ဦးဆောင်ကော်မတီ

## ၂၀၂၂ ပညာသင်နှစ် အဝေးသင်တက္ကသိုလ် ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် အဝေးသင် သင်တန်းများ ကျောင်းအပ်နှံနိုင်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ကြေညာချက်

### ၂၀၂၂ ပညာသင်နှစ် အဝေးသင်တက္ကသိုလ် ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် အဝေးသင် သင်တန်းများ ကျောင်းအပ်နှံနိုင်ကြောင်း ကြေညာခြင်း

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်အသီးသီးတွင် ၂၀၂၂ ပညာသင်နှစ်၊ အဝေးသင် သင်တန်းအတွက် ပထမနှစ်(၂၀၁၉ အောင်)၊ ဒုတိယနှစ်၊ တတိယနှစ် ကျောင်းအပ်ရန် ကျန်ရှိသူများနှင့် ပထမနှစ် (၂၀၂၀ အောင်) သင်တန်းများအတွက် (၁၃-၆-၂၀၂၂ ) ရက်နေ့မှစတင်၍ ကျောင်းအပ်နှံနိုင်ကြောင်း ကြေညာလိုက်သည်။

အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန

# နေပြည်တော်အတွင်း လယ်ယာမြေများအား အခြားနည်းအသုံးပြုခွင့်မရှိဘဲ တရားမဝင် အသုံးပြုနေမှုများ စိစစ်တင်ပြကြစေလို

နေပြည်တော် ဇွန် ၁၄

**နေပြည်တော်အတွင်း လယ်ယာမြေများအား အခြားနည်းအသုံးပြုခွင့် ခွင့်ပြုမိန့်ရရှိခြင်းမရှိဘဲ တရားမဝင်ဆောင်ရွက် အသုံးပြုနေမှုများနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က နေပြည်တော်အတွင်းရှိ လယ်ယာမြေများပေါ်တွင် အခြားနည်းများ အသုံးပြု၍ မြို့ပြဖွံ့ဖြိုးလာသည်နှင့် အညီ ခွင့်ပြုမိန့်ရရှိခြင်းမရှိဘဲ တရားမဝင်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေသည်ကို တွေ့ရှိရသဖြင့်မလိုလားအပ်သောကိစ္စများ မဖြစ်ပေါ်စေရေး သက်ဆိုင်ရာဌာနများအနေဖြင့် ကြီးကြပ်ဆောင်ရွက်၍ နေပြည်တော်ကောင်စီသို့ စိစစ်တင်ပြကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင်က လယ်ယာမြေများပေါ်တွင် ခွင့်ပြုမိန့်ရရှိခြင်းမရှိဘဲ တရားမဝင်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက်တက်ရောက်လာကြသည့် ဌာနဆိုင်ရာများမှ လယ်ယာမြေများပေါ်တွင် ခွင့်ပြုမိန့်ရရှိခြင်းမရှိဘဲ တရားမဝင် လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင် လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ အမှာစကားပြောကြားစဉ်။

# ကလောမြို့အား ထင်းရှူးမြို့တော်ဖြစ်စေရေး သစ်ပင် ခုနစ်သိန်းစိုက်ပျိုး

**လွိုင်လင် ဇွန် ၁၄**

ရှမ်းပြည်နယ် တောင်ပိုင်း သစ်တောဦးစီးဌာန၏ ၂၀၂၂ခုနှစ် မိုးရာသီ လူထုစုပေါင်း သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၁၃ ရက်က လွိုင်လင်ဂေါက်ကလပ်၌ ကျင်းပသည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ၂၀၂၂ခုနှစ် မိုးအကြိုနှင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်များကို ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးမှာ ပွဲတော်ပေါင်း ၅၄ ပွဲ၊ သစ်တောသစ်ပင်ပေါင်း ၃၇၃၃၀ ဖြင့် စိုက်ပျိုးမည်ဖြစ်ပြီး လက်ရှိတွင် ပွဲ ၅၀၊ သစ်တောသစ်ပင် ၃၅၈၄၉ ပင် စိုက်ပျိုးခဲ့ပြီး စိုက်ရန်ကျန် ၄ ပွဲကိုလည်း ယခုဇွန်လအတွင်း အပြီးစိုက်ပျိုးမည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ် သစ်တောဦးစီးဌာနအနေဖြင့် ယခုနှစ်မိုးရာသီတွင် သစ်မျိုး ၅၆ မျိုး၊ ပျိုးပင်ပေါင်း ၂၉ သိန်းကို ပျိုးထောင်ထားရှိပြီး အင်းလေးကန် ရေဝေရေလဲထိန်းသိမ်းရေး၊ ကလောမြို့အား ထင်းရှူးမြို့တော်ဖြစ်စေရေး၊ မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေး အစရှိသည့် စီမံချက်များအရ သစ်တောသစ်ပင် ခုနစ်သိန်းကို စိုက်ပျိုးပြီးဖြစ်သကဲ့သို့ ဌာနဆိုင်ရာ၊ တပ်ရင်းတပ်ဖွဲ့နှင့် ပြည်သူလူထုသို့ သစ်တောသစ်ပင် လေးသိန်းကို ဖြန့်ဝေပေးခဲ့ပြီးဖြစ်ကြောင်း၊ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပပြုလုပ်သည့် လွိုင်လင် ဂေါက်ကလပ်အတွင်း အပင်အမြင့် သုံးပေနှင့် အထက်ရှိသည့် ခါတော်မီ၊ ရေသင်းဝင် ၊ချယ်ရီ၊စိန်ပန်း အနီ-အပြာနှင့် ငုချယ်ရီပင် စုစုပေါင်း ၁၃၅၀ စိုက်ပျိုးပေးမည်ဖြစ်ကြောင်း ပြောကြားသည်။



ဆက်လက်၍ သစ်ပင်များ စိုက်ပျိုးရန် ပျိုးပင်များကို ပြည်နယ်ဝန်ကြီးချုပ်က လွိုင်လင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဒေသခံပြည်သူများကို ပေးအပ်၍လည်းကောင်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုးက တပ်ရင်းတပ်ဖွဲ့များ၊ ဒေသခံတိုင်းရင်းသားတိုင်းရင်းသူများအား ပေးအပ်၍ လည်းကောင်း၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ်က လွိုင်လင်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနှင့် ဒေသခံပြည်သူများကို ပျိုးပင်များ ပေးအပ်ခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ချယ်ရီပင်ကို လည်းကောင်း၊ တိုင်းမှူးက ခါတော်မီအပင်ကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက သစ်ပင်များ စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

အဆိုပါပွဲတော်တွင် ရေသင်းဝင်ပင် ၁၅၀၊ ခါတော်မီပင် ၃၀၀၊ ချယ်ရီပင် ၃၀၀၊ စိန်ပန်းနီပင် ၂၅၀၊ စိန်ပန်းပြာပင် ၂၅၀၊ ချယ်ရီပင် ၁၀၀ စိုက်ပျိုးပေးကြကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ပင်လုံတက္ကသိုလ်ကျောင်းဝင်း၌ မိုးရာသီလူထုစုပေါင်း သစ်ပင်စိုက်ပျိုးပွဲတော်ကို တက်ရာက်ကာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား သစ်ပင်များစိုက်ပျိုးရန်ပျိုးပင်များ ပေးအပ်ကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သစ်ပင်စိုက်ပျိုးပေးနေမှုကို လှည့်လည် ကြည့်ရှုအားပေးခဲ့ကြသည်။ **(ဝဲပုံ)**

**မောင်မောင်သန်း(တောင်ကြီး)**

# ဒီကျောင်းတွေမှာ လာရောက်ပညာသင်ယူသူတွေအနေနဲ့ စာချည်းသင်နေရမှာမဟုတ်ဘဲ လက်တွေ့နယ်ပယ်တွေမှာပါလိုက်ပြီး ကွင်းဆင်းလေ့လာသင်ယူရမှာ ဖြစ်တဲ့အတွက် အတွေ့ကြုံကောင်းတွေနဲ့ အသုံးချသွားနိုင်မှာ ဖြစ်ပါတယ်။

ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရ

တွေ့ဆုံမေးမြန်း- နဒီမင်း

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနက အခြေခံပညာ အဋ္ဌမတန်း အောင်မြင်ပြီးသူများအား စီးပွားရေးဆိုင်ရာ စာရင်းရေး၊ စာရင်းကိုင်နှင့် ကွန်ပျူတာပညာရပ်များကို ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်ပြီး အတန်းကျောင်းပညာရေးကိုပါ တစ်ပါတည်း သင်ယူခွင့်ရမည့် သမဝါယမစာရင်းရေး၊ စာရင်းကိုင်နှင့် သက်မွေးပညာသင်တန်းကျောင်းများကို မကွေး၊ တောင်ကြီး၊ မော်လမြိုင်၊ ပုသိမ်၊ မန္တလေး မြို့ကြီးများတွင် ယခုလာမည့် ဇွန်လ ၁၆ ရက်နေ့မှ စတင်ကာ တစ်ပြိုင်တည်းဖွင့်လှစ်တော့မည် ဖြစ်သည်။

သို့ပါ၍ သမဝါယမစာရင်းရေး၊ စာရင်းကိုင်နှင့် သက်မွေးပညာသင်တန်းကျောင်းများ ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရနှင့် တွေ့ဆုံမေးမြန်းထားသည်များကို ရေးသားလိုက်ရပါသည်။

**မေး ။ ။ သမဝါယမစာရင်းရေး၊ စာရင်းကိုင် သင်တန်းကျောင်းများ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းပြပေးပါ။**

**ဖြေ ။ ။** သမဝါယမသင်တန်းကျောင်းများဟာ ရှေးယခင်ကတည်းက အစဉ်အလာကောင်းများ၊ ပုံရိပ်ကောင်းများနဲ့ တည်ရှိနေခဲ့တာဖြစ်ပါတယ်။ ဒီသင်တန်းကျောင်းများမှာ နှစ်စဉ်သင်တန်း ကာလ ၃ လခွဲနဲ့ CBA (Certificate in Book-Keeping & Accountancy) ကို အခြေခံပညာ အထက်တန်းအဆင့် ပြီးမြောက်သူများအတွက် တစ်နှစ်လျှင် နှစ်ကြိမ် သင်ကြားပို့ချပေးနိုင်ခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ရရှိခဲ့ကြပါတယ်။ ဒါ့အပြင် ဌာနတွင်းဝန်ထမ်းများအတွက် လုပ်ငန်းခွင်စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများ၊ အခြေခံစာရင်းရေး၊ စာရင်းကိုင် သင်တန်းများကိုလည်း ယခုအခါ သမဝါယမဦးစီးဌာနကြီးကြပ်မှုအောက်မှာရှိတဲ့ သင်တန်းကျောင်းတွေမှာ စာရင်းရေး၊ စာရင်းကိုင်ပညာကို အဓိကထား သင်ကြားပေးပြီး သက်မွေးဝမ်းကျောင်းမှု ပြုနိုင်သည်အထိ ရည်ရွယ်ပြီး အလုပ်အကိုင် အခွင့်အလမ်းများ တစ်ပါတည်းရသွားအောင် ဆောင်ရွက်ပေးနိုင်ဖို့ တောင်ကြီး၊ မကွေး၊ ပုသိမ်၊ မော်လမြိုင်၊ မန္တလေးမြို့တွေမှာရှိတဲ့ သမဝါယမသင်တန်းကျောင်းတွေမှာ သမဝါယမစာရင်းရေး၊ စာရင်းကိုင် သက်မွေးပညာ သင်တန်းကျောင်းများအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်း ဖြစ်ပါတယ်။

**မေး။ ။ စာရင်းရေး၊ စာရင်းကိုင် သက်မွေးပညာရပ်တွေအပြင် အခြားအဆင့်မြင့်ပညာရပ်တွေပါ သင်ကြားပေးမယ့် အစီအစဉ်တွေ ပါဝင်တယ်လို့သိရပါတယ်။ ရှင်းပြပေးပါ။**

**ဖြေ။ ။** ဒီကျောင်းတွေမှာ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘောဂဗေဒ ဘာသာရပ်များကို



ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရ

သင်ကြားပေးမှာဖြစ်ပါတယ်။ ဒါ့အပြင် ကွန်ပျူတာဘာသာရပ်ကိုလည်း တကယ်ကို လုပ်ငန်းခွင်မှာ အသုံးချနိုင်လောက်တဲ့အထိ သင်ကြားပို့ချပေးမှာ ဖြစ်ပါတယ်။ ဒုတိယနှစ်မှာ သင်ကြားပေးမယ့် ဘာသာရပ်ကိုကြည့်လိုက်တဲ့အခါ Management ဘာသာရပ်ကိုပါ ထည့်သွင်းသင်ကြားသွားမှာ ဖြစ်ပါတယ်။ အဓိကဘာသာကြီးဖြစ်တဲ့ စာရင်းရေး၊ စာရင်းကိုင် ဘာသာရပ်တွေကို စီးပွားရေးအဖွဲ့အစည်း၊ ကုမ္ပဏီ၊ ဌာနဆိုင်ရာ၊ ဘဏ်စတဲ့ နေရာအသီးသီးမှာ အသုံးချနိုင်လောက်တဲ့ စာရင်းနဲ့ ပတ်သက်တဲ့ လုပ်ထုံးလုပ်နည်း၊ ဥပဒေဘာသာရပ်များ၊ သင်ရိုးညွှန်းတမ်းများကိုပါ ထည့်သွင်းရေးဆွဲထားတာဖြစ်ပါတယ်။

**မေး။ ။ သင်တန်းကျောင်းများရဲ့ သတ်မှတ်ထားတဲ့ စည်းကမ်းချက်တွေနဲ့ ပေးအပ်သွားမယ့် လက်မှတ်အကြောင်း ရှင်းပြပေးပါ။**

**ဖြေ။ ။** သင်တန်း တက်ရောက်လိုသူတွေဟာ သက်ဆိုင်ရာ သင်တန်းကျောင်းတွေကို ဆက်သွယ်ရမှာဖြစ်ပါတယ်။ သင်တန်းတက်ရောက်ခွင့်ရတဲ့သူတွေအနေနဲ့ နှစ်နှစ် တက်ရောက်ရမှာပါ။ သင်တန်းသားအရည်အချင်းအနေနဲ့ အနည်းဆုံး အခြေခံပညာ အဋ္ဌမတန်းအောင်မြင်ပြီးရပါမယ်။ သင်တန်းကာလကတော့ အခြေခံပညာကျောင်းများနည်းတူ ဇွန်လဆန်းကနေ ဖေဖော်ဝါရီလအထိဖြစ်ပါတယ်။ ပညာသင်နှစ်အတွင်း လပတ်စာမေးပွဲ အနည်းဆုံး ခြောက်ကြိမ်ဖြေရမယ်။ ကျောင်းခေါ်ချိန် ၇၅ ရာခိုင်နှုန်းပြည့်မီပြီး Internship Period ကို အပြည့်အဝဆင်းပေးနိုင်သူ၊ စာမေးပွဲတွေမှာလည်း သက်ဆိုင်ရာဘာသာရပ်အလိုက် ရမှတ် ၄၀ နှင့် အထက်ရရှိသူတွေကို သင်တန်းဆင်းလက်မှတ် (Certificate) ပေးအပ်သွားမှာ ဖြစ်ပါတယ်။

**မေး။ ။ တက်ရောက်ပညာသင်ကြားမယ့်သင်တန်းသားတွေအနေနဲ့ ရရှိနိုင်မယ့် အကျိုးကျေးဇူးတွေကိုလည်း သိချင်ပါတယ်။**

**ဖြေ။ ။** ဘယ်လိုနေရာ ဘယ်လိုအဖွဲ့အစည်းမဆို ကိုယ့်ရဲ့လုပ်ငန်း၊ ကိုယ့်ရဲ့စီးပွားရေး အောင်မြင်စေဖို့ ဝင်ငွေ/ ထွက်ငွေမျှတစေဖို့နဲ့ ကိုယ့်လုပ်ငန်းတိုးတက်စေဖို့အတွက် ဆောင်ရွက်ရာမှာ စာရင်းပညာဟာအသက်ပါ။ စီးပွားရေးလုပ်ငန်းတွင်သာမက မိမိမိသားစုရဲ့ တစ်နေ့တာ၊ တစ်လတာ၊ တစ်နှစ်တာ စတာတွေကို စာရင်းဇယားတိတိကျကျနဲ့ ဝင်ငွေထွက်ငွေကို စည်းစနစ်ကျကျ အသုံးချတတ်ဖို့လိုပါတယ်။ ဒီကျောင်းတွေမှာ လာရောက်ပညာသင်ယူသူတွေအနေနဲ့ စာချည်းသင်နေရမှာမဟုတ်ဘဲ လက်တွေ့နယ်ပယ်တွေမှာပါလိုက်ပြီး ကွင်းဆင်းလေ့လာသင်ယူရမှာ ဖြစ်တဲ့အတွက် အတွေ့ကြုံကောင်းတွေနဲ့ အသုံးချသွားနိုင်မှာဖြစ်ပါတယ်။ သမဝါယမဘာသာရပ်များကိုလည်း သင်ကြားပို့ချပေးမည့်အပြင် စာရင်းကိုင်ပညာ၊ စာရင်းစစ်ပညာများကိုပါ သင်ကြားနိုင်မှာဖြစ်တဲ့အတွက် လူ့စွမ်းအားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်မှာ ဖြစ်ပါတယ်။ ဒီကျောင်းက နှစ်နှစ်ပြီးလို့ ဆက်ပြီး ပညာသင်နိုင်ဖို့အတွက် သမဝါယမကောလိပ်တွေမှာ တက်ရောက်သင်ယူနိုင်ပြီး ထူးချွန်တယ်ဆိုရင် သမဝါယမတက္ကသိုလ်များအထိတက်ရောက်ကာ ဘွဲ့ရရှိသည်အထိ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

**မေး။ ။ ပညာသင်ကြားနေစဉ် ထောက်ပံ့ပေးမယ့် အစီအစဉ်တွေရှိရင်လည်း သိချင်ပါတယ်။**

**ဖြေ။ ။** သင်တန်း တက်ရောက်ခွင့်ရသူတွေကို သင်တန်းကာလအတွင်း စားသောက်စရိတ်၊ ဝတ်စုံစရိတ်၊ စာရေးကိရိယာ၊ သင်ထောက်ကူပစ္စည်းတွေ၊ သင်ခန်းစာ စာအုပ်တွေကိုလည်း အခမဲ့ထောက်ပံ့ပေးသွားမှာဖြစ်ပါတယ်။ နယ်ဝေးကလာတက်တဲ့သူတွေကို နေစရာအဆောင် စီစဉ်ပေးမယ်၊ ဖျာ၊ ခြင်ထောင်၊ ခေါင်းအုံးကအစ ထောက်ပံ့ပေးမှာဖြစ်ပါတယ်။ အခုဖွင့်လှစ်မယ့် စာရင်းရေး၊ စာရင်းကိုင် သမဝါယမသင်တန်းကျောင်းငါးကျောင်းလုံးမှာ သင်တန်းသားတွေအနေနဲ့ နေရေး၊ ထိုင်ရေး၊ စားရေးကအစ အားလုံးအခမဲ့တက်ရောက်ခွင့်ရမှာ ဖြစ်ပါတယ်။

**မေး။ ။ ထပ်မံဖြည့်စွက် ပြောကြားလိုတာရှိရင် ဖြည့်စွက်ပြောကြားပေးပါ။**

**ဖြေ။ ။** ဒီကျောင်းတွေကို တက်ရောက်ခွင့်ရသူတွေဟာ စားဖို့လည်းမပူရ၊ ဝတ်ဖို့လည်း မပူရ၊ အိပ်ဖို့လည်းမပူရ၊ စာအုပ်လည်းမဝယ်ရ၊ ထောက်ပံ့ကြေးတွေလည်းပေးမှာဖြစ်ပြီး ပညာသင်ရုံပါပဲ။ ကျောင်းမှာ လိုအပ်တာတွေလည်း တတ်နိုင်သလောက်ဖြည့်ဆည်း ဆောင်ရွက်ပေးထားပါတယ်။ ဆရာ ဆရာမတွေကလည်း ကိုယ့်ရဲ့တပည့်တွေကို မိဘများသဖွယ် ရင်ဝယ်သားကဲ့သို့ သေချာစွာဂရုစိုက်ပါတယ်။ ဒါ့ကြောင့် သင်တန်းသားများအနေနဲ့ ကျန်းမာရေးကိုဂရုစိုက်ကာ ကိုယ့်ရဲ့ဘဝတိုးတက်ရေးအတွက် ပညာကိုအလေးနက်ထား ကြိုးစားသင်ယူပြီး မိသားစုအတွက်၊ နိုင်ငံအတွက် အားထားရတဲ့သူများဖြစ်အောင် ကြိုးစားဆောင်ရွက်ကြပါလို့ ပြောကြားလိုပါ တယ်။

**အခုလိုဖြေကြားပေးတာကျေးဇူးတင်ပါတယ်။**

## ကန့်ဘလူခရိုင်အတွင်း ကျေးရွာချင်းဆက်လမ်း၊တံတား တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်

**ကန့်ဘလူ ဇွန် ၁၄**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ကန့်ဘလူခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနသည် ခရိုင်အတွင်းရှိ မြို့နယ်များတွင် လမ်းပန်းဆက်သွယ်မှု လွယ်ကူလျင်မြန်စေပြီး ကျေးလက်နေပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန် ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၂၆၄၂ ဒသမ ၈၉၈ သန်း ဖြင့် ကျေးရွာချင်းဆက်လမ်း၊ တံတား တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



ကန့်ဘလူ ခရိုင်အတွင်းရှိ ကန့်ဘလူမြို့နယ်တွင် ကန့်ဘလူ-ငါတို့- ကျေးပင်အက်- ၄က်ပျော တိုင်း လမ်းအရှည် ၆ ဒသမ ၂၈၄ ကီလိုမီတာ၊ အကျယ် ၄ ဒသမ ၈၈ မီတာ ကျောက်လမ်းခင်းခြင်းကို ခွင့်ပြုရန်ပုံငွေကျပ်သန်း ၅၄၈ ဒသမ ၃၀၀ ဖြင့်လည်းကောင်း၊ ကန့်ဘလူ- ထန်းကုန်း- ကာဘိုး လမ်းအရှည် ၈ ဒသမ ၄၅ ကီလိုမီတာ၊ အကျယ် ၃ ဒသမ ၆၆ မီတာ ကတ္တရာ ထပ်ပိုးလွှာခင်းခြင်း၊ ရေကျော်ချဉ်းကပ်လမ်းအရှည် ၀ ဒသမ ၀၄၄ ကီလိုမီတာ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ခွင့်ပြုရန်ပုံငွေကျပ် ၅၃၉ ဒသမ ၃၂၂ သန်းဖြင့်လည်းကောင်း၊ ကွန်ကရစ်တံတားသုံးစင်း၊ ရေကျော်တစ်စင်း၊ Box Culvert လေးစင်းနှင့် အရှည် ၁၅ မီတာ မြေကာနံရံ တည်ဆောက်ခြင်းကို ခွင့်ပြုရန်ပုံငွေကျပ် ၁၀၂၀ ဒသမ ၂၇၆ သန်းဖြင့်လည်းကောင်း၊ ကာဘိုး- အိုင်ပေါင်းချောင်-အောင်ချမ်းသာလမ်းအရှည် ၁ ဒသမ ၈၁၁ ကီလိုမီတာ၊ အကျယ် ၃ ဒသမ ၆၆ မီတာ ကျောက်လမ်းခင်းခြင်းကို ခွင့်ပြုရန်ပုံငွေကျပ် ၁၄၆ သန်းဖြင့်လည်းကောင်း၊ ကန့်ဘလူ- ငါးရံ့တိုင်း- မြေထူး လမ်းအရှည် ၂ ဒသမ ၂၁၃ ကီလိုမီတာ၊ အကျယ် ၃ ဒသမ ၆၆ မီတာ ဂျင်းခင်းခြင်းလုပ်ငန်းကို ခွင့်ပြုရန်ပုံငွေကျပ် ၄၁ သန်းဖြင့် လည်းကောင်း ဆောင်ရွက်မည်ဖြစ်သည်။

ထို့ပြင် ကျွန်းလှမြို့နယ်တွင် ကျွန်းလှ - သဖန်းဆိပ်ကတ္တရာလမ်းအရှည် ၁ ဒသမ ၆၀၉ ကီလိုမီတာ၊ အကျယ် ၃ ဒသမ ၆၆ မီတာ ကတ္တရာ ထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းကို ခွင့်ပြုရန်ပုံငွေကျပ် ၁၆၈ သန်းဖြင့် လည်းကောင်း၊ အင်းကောင်း- လယ်လှ- ကုက္ကိုကုန်းလမ်းအရှည် ၁ ဒသမ ၄၅ ကီလိုမီတာ၊ အကျယ် ၃ ဒသမ ၆၆ မီတာ ကတ္တရာခင်းခြင်းကို ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၈၀ ဖြင့် လည်းကောင်း ဆောင်ရွက်မည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းတင်ဒါ၊ ပစ္စည်းတင်ဒါ ခေါ်ယူဆောင်ရွက်မည်ဟု ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## မိတ္ထီလာမြို့နယ်တွင် အသက် ၇၅ နှစ်ပြည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့ငွေပေးအပ်

**မိတ္ထီလာ ဇွန် ၁၄**

မိတ္ထီလာမြို့နယ်တွင် အသက် ၇၅ နှစ်ပြည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့က မြို့နယ်စစ်မှုထမ်းဟောင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး သန်းနိုင် (ငြိမ်း) က အဖွင့်အမှာစကားပြောကြားရာတွင် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ၎င်းတို့၏မိသားစုဝင်များ၊ သားသမီးများ၏ ပညာရေး၊ ကျန်းမာရေးများအား စောင့်ရှောက်ထောက်ပံ့ပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် ၂၀၂၂ ခုနှစ်အတွင်း အသက် ၇၅ နှစ် ပြည့်မြောက်ခဲ့သူ အဖွဲ့ဝင် ၄၁ ဦးအား မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ချုပ်မှ ထောက်ပံ့သည့် တစ်ဦးလျှင် ငွေကျပ်၅၀၀၀၀၊ မန္တလေးတိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ (စည်ပင်ပြင်ပ) မှ ထောက်ပံ့သည့် တစ်ဦးလျှင် ငွေကျပ် ၂၅၀၀၀၊ မိတ္ထီလာမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့မှ ထောက်ပံ့သည့် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ တို့ကို မိတ္ထီလာမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး သန်းနိုင်(ငြိမ်း) နှင့် ဒုတိယဥက္ကဋ္ဌ ဗိုလ်ကြီး နန္ဒကျော်သူ (ငြိမ်း) တို့က ပေးအပ်ခဲ့ကြောင်းသိရသည်။

**သိန်းမြင့်ကျော်**
**(မိတ္ထီလာ)**

**သစ်ပင်စိုက်မှ အရိပ်ရ၏။ ရိပ်ခိုနားနေ အပန်းပြေ၏။**

# ၂၀၂၃ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ စင်ကာပူကို မြန်မာအသင်း အရေးနိမ့်

**ရန်ကုန် ဇွန် ၁၄**

၂၀၂၃ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ အုပ်စု (စ) နောက်ဆုံးနေ့အဖြစ် မြန်မာနှင့် စင်ကာပူအသင်းတို့ ဇွန် ၁၄ ရက်က ယှဉ်ပြိုင်ကစားရာ စင်ကာပူအသင်းက ခြောက်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာအသင်း၏ ပွဲထွက်လူစာရင်းတွင် ပြည့်ဖြိုးသူ (ဂိုး)၊ ငြိမ်းချမ်း၊ ဇော်ရဲထွန်း၊ ဝင်းမိုးကျော်၊ ကျော်ဇင်လွင်၊ ရဲမင်းသူ၊ လှိုင်းဘိုဘို၊ အောင်ကောင်းမာန်၊ လွင်မိုးအောင်၊ ရန်နိုင်ဦး၊ ဆွမ်လမန်တို့ဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာအသင်းနည်းပြချုပ် အန်တွမ်မီနီဟေးသည် စင်ကာပူအသင်းနှင့် တွေ့ဆုံသော်လည်း ယခင်နှစ်ပွဲကဲ့သို့ပင် ခံစစ်ကစားသမား ငါးယောက်ပါဝင်သည့် ၅-၄-၁ ပုံစံဖြင့် ဆက်လက်ပွဲထွက်ခဲ့ပြီး ရင်ဆိုင်ခဲ့သည်။ စင်ကာပူအသင်းသည် ပွဲအစ ကိုးမိနစ်မှာပင် အဖွင့်ဂိုးရခဲ့ပြီး တိုက်စစ်မှူး ဖန်ဒီက သွင်းယူခဲ့ခြင်းဖြစ်သည်။ ၁၆ မိနစ်တွင် ဆောင်အီယောင်၊ ၄၃ မိနစ်တွင် ကွတ်ဂျန်ယီတို့က အဝေးကန်ချက်များဖြင့် စင်ကာပူအသင်းအတွက် ဂိုးများထပ်မံသွင်းယူပေးခဲ့သည်။ မြန်မာအသင်းအတွက် ချေပဂိုးနှစ်ဂိုးကို ၅၃ မိနစ်တွင် ဝင်းနိုင်ထွန်းနှင့် ၆၅ မိနစ်တွင် အောင်ကောင်းမာန်တို့က သွင်းယူခဲ့ပြီး စင်ကာပူအသင်းအတွက် အနိုင်ဂိုးများကို ၅၄၊ ၆၉ မိနစ်တွင် ဖန်ဒီ၊ မိနစ် ၉၀ တွင် မိုဟာမက်ဟာဇက်ဇ်တို့က သွင်းယူခဲ့သည်။

မြန်မာအသင်းသည် အုပ်စုပွဲစဉ်များတွင် သုံးပွဲစလုံး အရေးနိမ့်ကာ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းမရှိပေ။ စင်ကာပူအသင်းမှာမူ တစ်ပွဲနိုင်၊ နှစ်ပွဲရှုံး ရမှတ် သုံးမှတ် ရရှိခဲ့သည်။

**ရဲရင့်လွင်**


## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၉၊ မြေကွက်အမှတ်-၁၅၂၁၊ ရိုးရာလမ်း၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဦးလှထွန်းအမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကိုဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဦးခင်မောင်ဝင်း (၅/ဘတလ(နိုင်)၀၇၀၁၉၀)ထံမှကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးခုပ်လျန်းထန် (၄/တတန(နိုင်)၀၄၅၆၉၅)မှအပြီးအပိုင်ဝယ်ယူခဲ့ပြီးဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်စေအေးမြမွန် (LL.B, LL.M)**
အထက်တန်းရှေ့နေ( စဉ်-၃၄၆၇၉)
အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃-လမ်း၊သပြေကုန်းရပ်ကွက်၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၇၉၅၆ ၈၃၃၇၈

## သမီးအဖြစ်မှစွန့်လွှတ်ကြောင်း အသိပေးကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ရွာဘဲရပ်ကွက်၊ မင်္ဂလာဦး၊ နှင်းဆီလမ်းနေ ဦးကျော်လွင် ၇/ပမန(နိုင်)၀၅၄၀၇၁ ၊ ဒေါ်နိုင်နိုင်မော် ၇/ပမန(နိုင်)၀၅၃၉၂၈ တို့၏ သမီးဖြစ်သူ မဇင်နှင်းမေ ၇/ပမန(နိုင်)၂၂၃၉၃၄ သည် မိဘများ၏ဆိုဆုံးမမှုကို နာခံမှုမရှိသည့်အပြင် ၎င်း၏ သဘောဆန္ဒအလျောက် နေအိမ်မှ ထွက်သွားပါသဖြင့် ဤအသိပေးကြေညာစာထုတ်ပြန်သည့်ရက်မှစ၍ မိဘများက မဇင်နှင်းမေအား သမီးအဖြစ်မှစွန့်လွှတ်လိုက်ပါသည်။သို့ဖြစ်၍ ၎င်းနှင့်ပတ်သက်သည့် ကိစ္စရပ်များသည် မိဘများနှင့် လုံးဝ မသက်ဆိုင်တော့ကြောင်း၊ ၎င်းနှင့်ပတ်သက်၍ တစ်စုံတစ်ရာ တာဝန်ယူဖြေရှင်းပေးသွားမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။ မဇင်နှင်းမေနှင့်ပတ်သက်၍ မိသားစုအား ဂုဏ်သိက္ခာကျဆင်းအောင် ပြောဆိုပြုမူဆောင်ရွက်သည့် မည်သည့်ကိစ္စကိုမဆို မိဘများက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း အများသိစေရန် အသိပေးကြေညာ အပ်ပါသည်။

မဇင်နှင်းမေနှင့် ပတ်သက်၍ မိသားစုထံ စုံစမ်းမေးမြန်းခြင်း သည်းခံပါ။

**ဦးကျော်လွင်၊ ဒေါ်နိုင်နိုင်မော် တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးချစ်ဦးမောင်(LL.B)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၉၈၀)**
**ဦးချိန်လမ်း၊ ဂန္ဓမာစက်မှုကွက်သစ်၊ ရွာဘဲရပ်ကွက်၊ ပြည်မြို့**

## ကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်း

တာချီလိတ်မြို့၊ ဝမ်ကောင်းရပ်ကွက်၊ အမှတ် (၉/၁၃၈)နေ ဦးမောင်ပိုက်၏သား ဦးထွန်းနေဦး ၁၃/တခလ(နိုင်)၀၄၃၃၆၉ မှ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်တော်မှ ပုန်းထွန်ရပ်ကွက်နေ ဦးတင်မောင်လွင်(ဘ)ဦးသန်းမောင် ၉/ကပတ(နိုင်) ၁၄၈၈၀၉ ထံသို့ တာချီလိတ်မြို့၊ မိုင်းဖုန်း(ခ)ကျေးရွာအုပ်စု ဆွတ်ဆိုင်ကျေးရွာအနီးကွင်းပြင်၊ မြေကေ ၁၀ဒသမ၁၅ကေအတွင်းမှ ဦးပိုင်အမှတ် (၂၁၆)ဧရိယာကေ (၀ဒသမ၀၅၅)ကေရှိမြေကွက်နှင့်ပတ်သက်၍ တာချီလိတ်မြို့၊ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် (၁၂-၇-၂၀၁၃)ရက်က အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၄၅/၂၀၁၃)ဖြင့် အထူးကိုယ်စားလှယ် လွှဲအပ်ထားခြင်းအား ယခုကြော်ငြာပါသည့်ရက် မှစ၍ ပြန်လည်ရုပ်သိမ်းပြီးပါကြောင်း ကြေညာအပ်ပါသည်။

**ဦးထွန်းနေဦး ၁၃/တခလ(နိုင်)၀၄၃၃၆၉**






## မိဘအမည်မှန်

ဝေါမြို့၊ အရှေ့ဘက်ကမ်းရပ်ကွက်၊ ကန်နောင် ၃ လမ်းနေ မောင်ထိန်လင်း၏ မိဘအမည်မှန်မှာ ဦးတင်စိုး(ခ)ကာနီဂျာမီ-ဒေါ်အေး(ခ) မာရီယား ၇/ဝမန(နိုင်)၀၀၀၄၁၉ ဖြစ်ပါကြောင်း။**ဦးတင်စိုး(ခ)ကာနီဂျာမီ-ဒေါ်အေး(ခ)မာရီယား**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊လှိုင်မြို့နယ်၊(၅၆)လမ်း၊မြေတိုင်းရပ်ကွက် - (၁၅)၊ မြေကွက်အမှတ်(၅၆/၂၆)၊လှနေရပ်ကွက် - (ကမာရွတ်)၊ဧရိယာ(၀.၀၅၅)ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦး၊တပ်ဆင်ထားသော လျှပ်စစ်မီတာများ၊ ရေမော်တာများအားလုံး အပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီတွင် အမည်ပေါက်ပိုင်ဆိုင်သူဦးအောင်မြင့်(၁၂/မဂဒ(နိုင်)၀၁၆၃၁၉)၊ဒေါ်ခင်သန်းယု (၁၂/မဂဒ(နိုင်)၀၁၆၃၂၀)တို့ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေမှ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် သက်ဆိုင်အကျိုးခံစားခွင့်ရှိသူ၊ဝင်ရောက်စွက်ဖက်နိုင်သူ မည်သူမဆို ဤကြေညာချက်သတင်းစာပါပြီးနောက်(၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်၍ဖြစ်စေ ၊ ဖော်ပြပါ ဖုန်းနံပါတ်များကို ဆက်သွယ်ပြီး ခိုင်လုံသောအကြောင်းပြချက် စာရွက်စာတမ်းများဖြင့်ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည့် တိုင်အောင် ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ -
ဦးထွန်းထွန်းအေး(ဥပဒေဘွဲ့)
အထက်တန်းရှေ့နေ(စဉ်- ၂၀၆၅၄)
အမှတ်(၃က/၅အေ)၊မိုးကောင်းလမ်း၊ရန်ကင်းမြို့နယ်၊ရန်ကုန်။
ဖုန်း-၀၉-၅၁ ၆၄၅၅၆၊ ၀၉-၄၂ ၆၈၇၈ ၂၆၄


မကွေးတိုင်းဒေသကြီး ရေနံချောင်းတက္ကသိုလ်၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ ပိုက်ကျော်ခြင်း ပြိုင်ပွဲကို ဇွန် ၁၄ ရက်က ကျင်းပရာ သိပ္ပံညွှန့်ပေါင်းအသင်းနှင့် မြန်မာစာ+ဒဿနိကအသင်းတို့ ယှဉ်ပြိုင်ကြစဉ်။
မြို့နယ်(ပြန်/ဆက်)




## သားအဖြစ်မှ စွန့်လွှတ်ကြောင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ကျောက်ကြီးမြို့နယ်၊နတ်သံကွင်းမြို့၊ တံခွန်တိုင်(၁)ရပ်ကွက်နေ စောမောင်ဒါး-နော်သီတာအေး တို့၏ သား စောထူးလယ်ဝါး(၇/ကကန(နိုင်)၀၇၀၂၉၁) သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့်သားအဖြစ်မှ ယနေ့မှ စ၍အမွေပြတ်စွန့်လွှတ် လိုက်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသီးခံပါ)

အဖ - စောမောင်ဒါး
အမိ - နော်သီတာအေး

## သားအဖြစ်မှ စွန့်လွှတ်ကြောင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ကျောက်ကြီးမြို့နယ်၊နတ်သံကွင်းမြို့၊တံခွန်တိုင်(၂)ရပ်ကွက်နေ(ဦးစိန်ပွား)-ဒေါ်သန်းမြင့်တို့၏သား မောင်စည်သူအောင်(၇/ကကန(နိုင်)၀၈၁၁၄၂)သည် မိဘများ၏ဆိုဆုံးမမှုကိုမနာခံဘဲ မိမိသဘောဆန္ဒအလျောက်နေအိမ်မှဆင်းသွားပါသဖြင့်သားအဖြစ်မှ ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ် လိုက်ပါသည်။(စုံစမ်းမေးမြန်းခြင်းသီးခံပါ)

အမိ - ဒေါ်သန်းမြင့်


# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်၊ လူသုံးကုန်၊ ဖုန်းဆက်စပ်ပစ္စည်းများ၊ စက်မှုကုန်ကြမ်းပစ္စည်းနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၄**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇွန် ၁၁ ရက်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ပြည်မြို့နယ်အတွင်း ALPHARD အမျိုးအစား လိုင်စင်မဲ့ မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ ဇွန် ၁၄ ရက်တွင် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က တောင်ငူခရိုင် သစ်တောကြိုးဝိုင်းများအတွင်း တရားမဝင် သစ်မျိုးစုံ ၂ ဒသမ ၀၈၁၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၄၆၅၆) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၄၆၅၆ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

## ဖမ်းဆီးရမိ

ထို့ပြင် ဇွန် ၁၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် (၁၆) မိုင် ကျောက်ချောစစ်ဆေးရေး စခန်း၌ တာဝန်ကျစစ်ဆေးရေး အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်၌ တရားဝင် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ဖုန်းဆက်စပ်ပစ္စည်းများနှင့် အဝတ်အထည်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၁၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် NISSAN AD V Y 12 အမျိုးအစား မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၂၁၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

## အရေးယူဆောင်ရွက်

ထို့အတူ ဇွန် ၁၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာ့စက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားခြင်း မရှိသော စက်မှုကုန်ကြမ်းပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ တောင်ငူမြို့သို့ မောင်းနှင်လာသော ခရီးသည်တင်ယာဉ် တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၁၂၀၅၇) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

## ပူးပေါင်းအဖွဲ့စစ်ဆေး

အလားတူ ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် (၄) မိုင် သစ်တောပူးပေါင်း စစ်ဆေးရေးဂိတ်၌ ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Mevius တံဆိပ်၊ စီးကရက် ဖာ ၇၀ နှင့် စားသောက်ကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ZHONG TONG Bus အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေ ကျပ် ၁၀၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၈၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

## ဥပဒေနှင့်အညီ

ထို့ပြင် ဇွန် ၁၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့နယ်အတွင်း ကုန်တင်ယာဉ် နှစ်စီးပေါ်၌ တရားဝင် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကလေးကစားစရာအရုပ် ပါကင် ၂၀၀ နှင့် စားသောက်ကုန်ပစ္စည်းမျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၅၉၈၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

## အမှုတွဲ ၁၂ မှု

သို့ဖြစ်ပါ၍ ဇွန် ၁၁ ရက်၊ ၁၂ ရက်၊ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၇၉၇၁၃) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၂၆၁ ဆူ | ၄၅၉ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၄၈ ခန်း | ၄၀၇ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၀ တိုင် | ၂၀ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၁၂ တိုင် | ၆၈ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၉၇ ခု | ၅၅၅ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၃ ကျင်း | ၂၀၈၆. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၆ ကျင်း | ၂၀၂. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၄ ကျင်း | ၅၈၉၆. ၆၆ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၀၅ ကျင်း | ၁၆၃၁. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

